မိုင်းနောင်ကျေးရွာ
မိုးညှင်းမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
မိုင်းနောင်ကျေးရွာ၊ မိုးညှင်းမြို့နယ်
(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ

## မာတိကာ


မာတိကာ ၁

အတိုကောက်စကားလုံးများ ၄

စကားချီး ၅

မိုင်းနောင်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၈**

(၁) နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၁
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** **၃၃**

(၁) လူမှုစီးပွားရေး အခြေအနေ
**ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**
**ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား**
**ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**
**ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**
**ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ**
**ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ**
**ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ**
**ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

(၂) ကဏ္ဍအသီးသီး၏**လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏**စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

**ဇယား ၁၄** ကျေးရွာ၏ ရေအရင်းအမြစ် နှင့် **ရေသွင်းဧရိယာ**

**ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း**

**ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု**

**ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ**

**ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

**ဇယား** ၁၉ **မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

ဇယား ၂၀ **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

ဇယား ၂၁ **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၃-က **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

ဇယား ၂၃-ခ **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် **ပြဿနာနှင့် အခက်အခဲ**များ

ဇယား ၂၄ **ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ**

**ဇယား ၂၅ ရွှေ့ပြောင်းသွားလာ**ရခြင်း၏ အဓိက အကြောင်းရင်း

ဇယား **၂၆** ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

**ဇယား** ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

**ဇယား** ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား ၂၉ **သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ**

ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

ဇယား ၃၁ ကျောင်းတက်နှုန်း

ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ **ပညာရေး** အခက်အခဲနှင့် ပြဿနာများ

ဇယား ၃၄ **အဖြစ်များသော** ရောဂါများ

**ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု**

ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု

ဇယား ၃၈ အိမ်သာ အမျိုးအစား

ဇယား ၃၉ ကျွား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရ**ေကြောင်း** သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား **၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ**
ဇယား **၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**
**ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ**
**ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု**
**ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ**

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၇
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၆၉

**ကိုးကားစာရင်း** ၇၄

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောပိုးရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀၂၄ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ် ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို

အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။
စက်တင်ဘာလ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
မိုင်းနောင်ကျေးရွာ၊မိုးညှင်းမြို့နယ်

မိုင်းနောင်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ်



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှုးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွနုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့်ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့်၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင် မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

**၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင် သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

**၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ**

**(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား**

ကျေးရွာသည် မိုးညှင်းမြို့နှင့် ဖားကန့်မြို့ကားလမ်းဝဲယာတွင် တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ မိုးညှင်းမြို့နှင့် ဆက်သွယ်သွားလာရ လွယ်ကူသည်။ ကျေးရွာသည် အင်းတော်ကြီးတောင်ဘက်ကမ်းတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများဖြစ်ကြသည်။ ဒေသ၏တစ်နှစ်ပျမ်းမျှမိုးရေချိန်မှာ ၈၀မှ ၁၀၀လက်မဝန်းကျင်တွင် ရရှိပြီး စိုက်ပျိုးရေးလုပ်ငန်းအတွက် အသင့်အတင့် အထောက်အကူပြုပါသည်။ ကျေးရွာတည်ရှိရာသည် ကုန်းတွင်းပိုင်းတွင် တည်ရှိပြီး လယ်ယာမြေများသည် ကုန်းမြေပြန့်တွင် စိုက်ပျိုးရသည်။ စပါး၊ ပဲ စိုက်ပျိုးထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကျောင်းအတွက် အဓိကအားထားရပါသည်။

**(ခ) သဘာဝအရင်းအမြစ်**

လယ်ယာမြေ အသင့်အတင့်ရှိသည်။ မြေဆီလွှာအသင့်အတင့်ရှိသည်။ ကျေးရွာတွင် သဘာဝသယံဇာတ(ရွှေသတ္တု)ထွက်ရှိသော်လည်း ကမ္ဘာ့ရေအိမ်ဒေသ(ရမ်ဆာ)သတ်မှတ်ထားပြီး ဇီဝ အဝန်းအဝိုင်းနယ်မြေဟု သတ်မှတ်ထားသောကြောင့် သတ္တုတူးဖော်ရေးလုပ်ငန်းများ ရပ်တန့်ထားပါ သည်။ တောင်သူများမှာ လယ်မြေများကို မိုးရေခံစနစ်ဖြင့် စိုက်ပျိုးရပါသည်။

**၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က) လူဦးရေဆိုင်ရာအချက်အလက်များ**

အိမ်ထောင်စုပေါင်း၃၇၅စုနှင့် ကျား၁၀၀၃ဦး၊ မ၁၀၆၇ဦးဖြင့် လူဦးရေပေါင်း၂၀၇၀ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ၅.၅ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှ၅ဦးနှင့် ကိုက်ညီမှုရှိပါသည်။ ကျေးရွာတွင် ရှမ်းနီလူမျိုးများ အများဆုံးနေထိုင်ကြသည်။ အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာတွင်းရှိ လူဦးရေပေါင်း၆၀%ကျော်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးပြီး ဒေသစီးပွားရေး တိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သော အရွယ်ရှိ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ၂.၈%မျှပိုများသည်။

**(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းသည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၁၄.၇%သည် ချမ်းသာသည်။ အဆင့်၂၈.၅%သည် အလယ်အလတ်အဆင့် ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာအတွင်း လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လုမ်းမှီမှုနှင့် လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်မှု၊ စိုက်ပျိုးနိုင်မှုကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်အတင့်ရှိပါသည်။ လက်သမား၊ ပန်းရံ၊ ဆန်ကြိတ်စက်၊ တံငါအချို့နှင့် အစိုးရဝန်ထမ်းတချို့လည်း ငွေရေးကြေးရေး အသင့်အတင့် အဆင်ပြေကြသည်။

ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင်ဆိုင်သော လယ်သမားများ၊ လက်လုပ်လက်စား၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်လုပ်သားများနှင့် မြေယာမဲ့အိမ်ထောင်စုများ ပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု အရေအတွက် မြင့်မားပြီး %ရှိကာ ဆင်းရဲ၊ အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများဖြစ်ကြသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်းဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီ၊ ခေါင်းရွက်ဗျက်ထိုးလုပ်ငန်းများ၊ ဆည်ကြိတ်စက် တစ်နိုင်တစ်ပိုင်၊ ရေလုပ်ငန်း မွေးမြူရေးလုပ်ငန်းများတွင် အလုပ်အကိုင်ရရှိနိုင်သည်။ ကျေးရွာ၏ ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများ၏ ၂၂.၉%ဖြစ်သော ၈၆အိမ်ထောင်စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ စားဝတ်နေရေးကို ဖြေရှင်းရာတွင် ၃လအောက်ချေးငှားယူပြီး စားသုံးခြင်းနှင့် တခါတရံ မှ ချေးငှားယူစားသုံးခြင်းတို့ကို လေ့လာတွေ့ရှိရသည်။ ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရရှိကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်ခလျော့နည်းပြီးရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုမရှိပါ။ ကျား-မတန်းတူညီမျှမှုနှင့် ပါတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်း၊ ကျား-မတန်းတူညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်သည်။

သက်ကြီးရွယ်အို အိမ်ထောင်စုခုနှင့် အမျိုးသားဆေးစွဲသူ အိမ်ထောင်စုအချို့အတို့သည် ဆင်းရဲသည့် ထိခိုက်လွယ်သော အိမ်ထောင်စုများ ဖြစ်ကြသည်။ ရွာ၏ပြင်ပသို့ သွားရောက်အလုပ်လုပ်ကိုင်သော လူငယ်လူရွယ်နှင့် ရွာတွင်းရှိ လူငယ်လူရွယ်တို့သည် မူးယစ်ဆေးနှင့် ယာဉ်အန္တရာယ်များ ရှိတတ်ကြသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ ကျေးရွာတွင် လူငယ်လူရွယ်များအား ကျန်းမာရေးစာပေဇဟုသုတ ဟောပြောပွဲများ မပြုလုပ်ပေးနိုင်သော်လည်း ရာသီအလိုက် အားကစားပွဲများကို ပြုလုပ်ပေးလျက်ရှိပါသည်။ ကျေးရွာတွင် ကျန်းမာရေးနှင့် ညီညွတ်စေရန် ရွာ ပတ်ဝန်းကျင်သန့်ရှင်းရေးများပြုလုပ်ခြင်း၊ ရေနုတ်မြောင်းများဖောက်လုပ်ပေးခြင်း၊ အမှိုက်များစနစ်တကျ စွန့်ပစ်ရန် အသိပညာပေးခြင်းများကို ပြုလုပ်ဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာတွင်ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိပြီးသားဖွားဆရာမ(၁)ဦးရှိ၍မြို့နယ်ဆေးရုံများနှင့်လည်း အသွားအလာလွယ်ကူသောကြောင့် လက်လှမ်းမှီနိုင်ပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုသည်အခြေခံအရေးအဖတ်အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက်လည်း အသင့်အတင့်ရှိသည်။ ကျေးရွာတွင်ပညာရေးကို လက်ရှိအထက်တန်းကျောင်းတွင် တက်ရောက်သက်ကြားနိုင်ကြသည်။ သို့သော် အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုများမှာ နိမ့်ကျ ဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

ကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာအနေအထားမှာ လွပ်လပ်မှုရှိသည်။ ကျား-မရေးရာဆိုင်ရာတာဝန်ယူအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းမွန်စွာ

သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား/ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိသည်။ ပညာရေးနှင့် ဆိုင်သော ပညာအရည်အချင်းသည်လည်း ကျားအရေအတွက်သည် မအရေအတွက်ထက် ပိုနည်းသည်။ မူလတန်းနှင့် အထက်တန်းပညာအရည်အချင်းသည်လည်း ကျားထက် မတွေပညရေး အနည်းငယ်မြင့်မားသည်။ အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားနှင့် တန်းတူပင်ဖြစ်သည်။ သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရသည်။ အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခလျော့နည်းပြီးရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မှု အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းသည်။ ကျား+မတန်းတူညီမျှမှုနှင့် ပတ်သက်၍ ဖွံ့ဖြိုးမှုနှင့် အသိပညာမြှင့်တင်ပေးခြင်းများ ဆောင်ရွက်ပေးခြင်းများရှိသည်။

**၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်းများ၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့ စီးပွားရေးဆိုင်ရာအဖွဲ့တို့ရှိကြသည်။ ယင်းအဖွဲ့များအနက် "သုဂတိယာနိက" နာရေးကူညီမှုအသင်းမှာ နာရေးကိစ္စအပါအဝင် လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး လှုပ်ရှားဆောင်ရွက်မှု အားကောင်းသည်။ အသေးစားငွေစုငွေချေးလုပ်ငန်းကို FFIမှ တံငါသည်များကိုလည်း ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက် ကောင်းမွန်လာနိုင်ပါသည်။

**(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာတွင်စပါးကိုသာအဓိကထားစိုက်ပျိုးကြပြီးတံငါးလုပ်ငန်းနှင့် ရွှေမှော်များတွင် လုပ်ကိုင်ကြပါသည်။ မိုးစပါးစိုက်ကော၃၀၈.၀၉ စိုက်ပျိုးကြသည်။ မိုးစပါး၊ ပျမ်းမျှအထွက်နှုန်းမှာ ၇၀ တင်းထွက်ရှိပါသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ ရရှိနိုင်ကြပြီး စိုက်ပျိုးရေးနည်းပညာများလည်း တောင်သူများကို နည်းပညာများ မျှဝေပေးလျက်လည်း ရှိပါသည်။ တချို့တောင်သူများမှာ အလုပ်သမားရှားပါးမှုနှင့် ကြုံတွေ့နေရပါသည်။ တခါတရံတွင် မိုးရွာသွန်းမှု မညီမျှမှုနှင့် ရင်ဆိုင်ရတတ်သည်။ ဖျက်ပိုးကျရောက်မှုကို ပိုမိုတွေ့ရပြီး ယင်းဖျက်ပိုးများသည် ပိုးသတ်ဆေးတချို့ကို ခံနိုင်စွမ်းရှိကြသဖြင့် တောင်သူများအနေဖြင့် ထိရောက်သော ဖျက်ပိုးနှိမ်နှင်းရေး နည်းစနစ်ကို လိုလားနေကြသည်။

ကျေးရွာတွင် ဝက်မွေးမြူသူ အိမ်ထောင်စုဦးရေမှာ တစ်ရွာလုံး၏ %ဝန်းကျင်သာရှိပြီး ဒေသမှ ဝက်မျိုးများကို မွေးမြူကြသည်။ ဒေသကြက်မွေးသည့် အိမ်ထောင်စုလည်း တစ်ရွာလုံး၏ %ခန့်ရှိပြီး ဈေးကွက်ဝယ်လိုအား မဟုတ်ဘဲ ဒေသစားသုံးရန်သာဖြစ်သည်။ ရာသီအလိုက်ဖြစ်ပွားတတ်သော တိရိစ္ဆာန်ရောဂါများ အထူးသဖြင့် ကြက်လည်လိမ်ရောဂါသည် အဖြစ်အများဆုံး

နှင့် သေဆုံးမှုများရှိတတ်သည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေးကုဦးစီးဌာနမှ ရရှိနိုင်သော်လည်း ဝန်ထမ်းလွှမ်းခြုံ ဆောင်ရွက်ပေးနိုင်မှု အားနည်းသည်။ မွေးမြူရေးလုပ်ငန်းပိုင်ဆိုင်ရာ အဟန့်အတားများအနေဖြင့် ဆင်းရဲသော အိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်းတည်ထောင် တိုးချဲ့ဆောင်ရွက်ရန် ချေးငွေကို မတည်ရန်ပုံငွေစီမံကိန်းမှအလွယ်တကူရရှိကြသည်။ ရွာထဲမှ ငွေချေးသူများထံမှ ချေးငှား လျှင်လည်း အတိုးနှုန်းမှာ မြင့်မားတတ်သည်။ ကျေးရွာတွင် မွေးမြူရန် မြေနေရာများ အဆင်ပြေ သော်လည်း ငါးမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် နည်းစနစ်များ လိုအပ်နေပါကြောင်း ငါးမွေးမြူရေးလုပ်ငန်းများမရှိပါ။

**(ဂ)စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် အိမ်တွင်းကုန်ထုန်လုပ်ငန်းမရှိပါ။ အခြားသောဝင်ငွေရလုပ်ငန်းများမှာ နေ့စားလုပ်ငန်း၊ ဈေးရောင်းလုပ်ငန်း၊ ရွှေလုပ်ငန်း၊ ငါးရှာထင်းခုတ်၊ သယ်ယူပို့ဆောင်မှုများနှင့် အစိုးရဝန်ထမ်းလုပ်ငန်းတို့ရှိကြသည်။ လက်လုပ်လက်စား အလုပ်သမားများမှာ စိုက်ပျိုးရာသီနှင့် ရွှေလုပ်ငန်းများ ရပ်ဆိုင်းထား၍ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေမမှန်ပဲ တွက်ခြေကိုက်မှု နည်းပါသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောလူဦးရေများပြားပြီး ထို့အခြေအနေမှာ ကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများလည်း ရှိကြသည်။ အပ်ချုပ်၊ ဇာထိုး၊ ပန်းထိုး၊ ဆံပင်အလှပြင်၊ မော်တော်ဆိုင်ကယ်ပြင်၊ ကားဝပ်ရှော့၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်းလုပ်ငန်းများရှိကြသော်လည်း နည်းပညာအားနည်းနေကြောင်း တွေ့ရပါသည်။ ငွေကြေးအဆင်ပြေသော အိမ်ထောင်စုအချို့သာ ဆန်စက်၊ ဆီဆိုင်၊ ကုန်မာဆိုင်များနှင့် အခြားရွှေလုပ်ငန်းများကို လုပ်ကိုင်နိုင်ပါသည်။

**(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာတွင် လယ်ယာမြေများရှိ မြေဆီလွှာများမှာ ရွှေလုပ်ငန်းမှ ကျဆင်းလာသော နုံးရေများကြောင့် မြေဆီလွှာပြောင်းလဲခြင်း၊ မြေဆီလွှာအရည်အသွေးကျဆင်းခြင်းများရှိသည်။ တောတောင်များတွင် ရွှေလုပ်ငန်းလုပ်ကိုင်ခြင်း၊ သစ်များကို အလွယ်တကူထုတ်ယူနိုင်ခြင်း၊ အခွင့်မဲ့ သစ်စက်များ ပေါ်များခြင်းတို့ကြောင့် သစ်တောပြုန်းတီးပြီး၊ ရာသီဥတု တဖြည်းဖြည်း ပြောင်းလဲလာခြင်းများကို တွေ့ရပါသည်။

သဘာဝအန္တရာယ်များအနေဖြင့် မုန်တိုင်းဘေးအန္တရာယ်တို့ နည်းပါးသည်။ အားပျော့သော မုန်တိုင်း ဝင်ရောက်မှုသာ တခါတရံ ကြုံတွေ့ရတတ်သည်။ အခါအားလျော်စွာ ကျရောက်တတ်သော မိုးခေါင်ခြင်းက သဘာဝအန္တရာယ်တစ်ရပ်အနေဖြင့် ရှိနေဆဲဖြစ်သည်။

**(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေကို တစ်နှစ်အတိုးနှုန်း၁ကျပ်တိုး ၁ဧက ၁၀၀၀၀၀ကျပ်နှုန်းဖြင့် အများဆုံး၁၀ဧကအတွက် ချေးယူနိုင်ကြသည်။ မြန်မာ့နိုင်ငံရေးလုပ်ငန်းနှင့် ငါးဦးစီးဌာနမှ FFIအဖွဲ့အစည်းများမှ ရေလုပ်ငန်းလုပ်ကိုင်ရန် ရင်းနှီးမှုအတွက် မဲစနစ်ဖြင့် အတိုးနှုန်းနည်းစွာဖြင့် ချေးငှားမှုများ ရှိပါသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် မူလတန်းနှင့် အလယ်တန်းကိုအလျားပေ၂၁၂၊ အနံပေ၃၀၊ အမြင့်၂၂ပေ နှစ်ထပ်ကျောင်း သွပ်မိုး၊ အုတ်နံရံကာကျောင်းဆောင်နှင့် ပညာသင်ကြားနေပြီး ယခုပညာသင်နှစ် ၂၀၁၇မေလတွင် အ.ထ.ကအဆင့် ထပ်မံရရှိလာသဖြင့် ရှေ့အလားအလာကျောင်းသားဦးရေ တိုးများလာပါက ကျောင်းဆောင်သစ်မှာ လိုအပ်နေမှာ အမှန်ပင်ဖြစ်ပါသည်။ ရွာသားအားလုံးနီးပါးမှာ ရေးတတ်ဖတ်တတ်ကြပြီး လူဦးရေ၏ ၅.၂%မှာ ဘုန်းကြီးကျောင်းပညာရေးကို ရရှိထားကြသည်။ ကျောင်းတွင် မူလတန်းပြ ဆရာ/မ၅ဦး၊ အလယ်တန်းပြဆရာ/မ၁၁ဦးနှင့် အထက်တန်းပြဆရာ/မ ၅ဦးတို့ရှိကြသည်။ ကျောင်းတွင် တပည့်ဆရာအချိုးသည် မူလတန်း ၊အလယ်တန်းတွင် ရှိသဖြင့် ကျောင်းဆရာ/မအင်အားမှာ လုံလောက်မှုရှိသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိပြီး သားဖွားဆရာမ ၁ဦးသာရှိသည်။ ကျေးရွာသူ/သားများသည် ကျန်းမာရေးအတွက် အဆင်ပြေလွယ်ကူကြပါသည်။

သောက်သုံးရေများကို ရေတွင်းများမှ မော်တာရေစုပ်စက်များဖြင့် ထုတ်ယူသုံးပြုနိုင်ပါသည်။ ကုန်းအမြင့်၌ တည်ထားသောရွာဖြစ်၍ ရေးတွင်းတူးရန် ခက်ခဲခြင်းများရှိသည်။ ရေတွင်းများမှာ မြေနိမ့်ပိုင်းတွင်ရှိ၍ ကုန်းမြင့်များတွင် နည်းပါသည်။ ကုန်းမြင့်၌ တည်ရှိသောရွာဖြစ်၍ ရေကန်တည်ပြီး ဖြန့်ဝေသောစနစ်ဖြင့် ၄င်းရွာဟန်းရှည်ဖြစ်၍ ရေပိုက်လိုင်းများ သွယ်တန်းအသုံးပြုလွယ်ကူခြင်းကြောင့် ငွေကြေးရင်းနှီးမှုနှင့် နည်းပညာများသာ လိုအပ်ကြောင်း သတိထားမိပါသည်။

ချမ်းသာသောအိမ်ထောင်စုများက အိမ်သာကျင်းကို အုတ်ဖြင့်ဆောက်လုပ်ထားကြပြီး ဆင်းရဲသော အိမ်ထောင်စုများက ပျဉ်(သို့)ဝါးကပ်များဖြင့် ဆောက်လုပ်ထားကြသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာကို သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှု နည်းပါးသည်။

**(ဆ)လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထားသီးသန့်မရှိပေ။ သူတို့သည် ကျေးရွာလူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာအကများဖြင့် တင်ဆက်ပါဝင်ကြသည်။

**(ဇ) အခြေခံအဆောက်အဦး လမ်းတံတား၊ လျှပ်စစ်စွမ်းအား သတင်းနှင့်ဆက်သွယ်ရေး**

အုပ်ချုပ်ရေးရုံးစိုက်ရာ မိုးညှင်းမြို့မှ ဟိုပင် အင်းတော်ကြီး အနောက်ကမ်းလမ်းသာ ကတ္တရာလမ်းရှိသော်လည်း ကျေးရွာ၏ ရွာအတွင်းလမ်းမှာ မြေနီလမ်း၊ ကျောက်တောင်ကုန်းများပေါ် ဖောက်လုပ်တည်ရှိထားသောကြောင့် ကျောက်လမ်းဟု ခေါ်ဆိုနိုင်သော်လည်း မိုးတွင်းကာလ၌ ရေတိုပ်စားမှုကြောင့် အပျက်အစီးများကို တွေ့ရပါသည်။ ကိုယ်ထူကိုယ်ထ လုပ်အားဒါနများဖြင့် ပြုပြင်ပါသော်လည်း ရာသီဥတုဒဏ်ကို မကျော်လွန်နိုင်ပါ သို့ပါ၍ နည်းပညာများ၊ ငွေကြေးအင်အားတို့ဖြင့် ပြုပြင်တည်ဆောက်မည်ဆိုလျှင် ရပ်ရွာနေပြည်သူများ သွားလာရလွယ်ကူ ချော့မွေ့မည်ဟု ယုံကြည်သတိထားမိပါသည်။

ကျေးရွာတွင် လျှပ်စစ်မီးကို ကျေးရွာရှိ အိမ်ထောင်စုအားလုံး၏ ၇၁%မှာ သွယ်တန်းအသုံးပြုကြသည်။ မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများ

အတွက် လက်လှမ်းမှီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များကိုလည်း ချိတ်ဆက်အသုံးပြုနိုင်သည်။ ရွာသားများသည် သတင်းစာ၊ ဂျာနယ်များ ဖတ်ရှုခြင်း၊ အင်တာနက်၊ စလောင်းများမှ သတင်းများ ကြည့်ရှုခြင်းတို့ကြောင့် သတင်းနှင့် ဆက်သွယ်ရေးမှာ အတော်အသင့် ကောင်းမွန်ကြောင်း တွေ့ရှိပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုများ နည်းပါးသော်လည်း မူးယစ်ဆေးဝါးပေါ်များသောဆိုးကျိုးကြောင့် ကြီးကြီးမားမား မဟုတ်သော ခိုးမှုများ၊ လိမ်လည်မှုများ တွေ့ရပါသည်။ သို့သော် လူတိုင်းနီးပါး အသုံးပြု၍ ချိတ်ဆက်သတင်းယူမှုများကြောင့် လတ်တလော မြေအခြေအနေတွင် အချိန်နှင့် တပြေးညီ ထိန်းသိမ်းနိုင်ပါသည်။ လုံးတုံရဲစခန်းနှင့်လည်း ဆက်သွယ်မှု လွယ်ကူသောကြောင့် ယခုချိန်တွင် မှုခင်းများ နည်းပါးလာသည်ကို တွေ့ရပါသည်။

**၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ**

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓာတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် ထင်းသက်သာသည့် လျှပ်စစ်မီးဖိုဖြင့် ချက်ပြုတ်ခြင်း၊ ကျောင်းသူ/ ကျောင်းသားများအတွက် စာဖတ်ချိန်အထောက်အပံ့ဖြစ်ခြင်းစသော လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် အထောက်အကူပြုနေသည်။

လူငယ်ပညာတတ် အနည်းငယ်ရှိပြီး လူဦးရေအားလုံး၏၆၀%မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည်။ ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုနှင့် သက်မွေးဝမ်းကျောင်းသင်တန်းများကို လူငယ်များကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များ ကို တိုးတက်ကောင်းမွန်စေပါမည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူ လက်လှမ်းမီခိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသလိုမှုအတွက်လည်း ကံကုန်းကြီးကျေးရွာ၌ သွားရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှာ လက်ရှိပညာရေးအနေအထားအတွက် ကောင်းသောအဆင့်တွင် ရှိနေကြသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာအတော်အသင့် ကောင်းမွန်သည်။ တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူသယ်ယူပို့ဆောင် ပေးနိုင်သည်။ မိုးရွာသွန်းမှုမှာ စပါးနှင့် ဆောင်သီးနှံများ စိုက်ပျိုးရန်အထောက်အပံ့ဖြစ်သည်။ ကျေးရွာတွင် သုံးဆယ် ရေလှောင်တမံမှ ပဲငပိဇဂကေအတွက် ရေသွင်းစိုက်ပျိုးနိုင်သည်။

ကျေးရွာတွင် မွေးမြူရေးအနေဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူခြင်းများသာ တွေ့ရှိရသော်လည်း အင်းတော်ကြီးအင်းကမ်းနားတွင်ရှိသော ကျေးရွာဖြစ်သောကြောင့် တံငါလုပ်ငန်းများ လုပ်ကိုင်သူများပြားသဖြင့် ကျေးရွာတွင်း သားငါးဖူလုံမှုအတွက် အဆင်ပြေပါသည်။

တောင်သူများ ကျွဲ၊ နွား၊ အသုံးပြုမှုများသောကြောင့် ကျွဲ၊ နွားများတွင် ကျရောက်တတ်သော ရောဂါများ ဖြစ်ပေါ်လာပါက ရှေ့ရိုးစွဲ အယူအဆများ၊ ဆေးမှီတိုများ လက်ခံအသုံးပြုနေသော အနေအထား သေဆုံးနေသည်ကိုလည်း တွေ့ရပါသည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု**

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာအင့်အတင့် ကောင်းမွန်သည်မှအပ တောင်သူများ၏ တစ်သီးစားစိုက်ပျိုးမှု ကုန်ထုတ်လမ်းများ ကောင်းမွန်မှု မရှိသောကြောင့် တောင်သူများ နှစ်စဉ်အခွင့်အရေး အပြည့်ဝခံစားခွင့်မရရှိကြပေ။ တောင်သူများ မျိုးကောင်းမျိုးသန့် အထောက်အကူပြု ဆေးဝါးသုံးစွဲမှုနှင့် အလုပ်သမား ရှားပါးမှုတို့ကြောင့် လုပ်ငန်းများတွင် ကြံကြာမှုနှင့် အထွက်တိုးနည်းပါးမှုများ တွေ့နေရပါသည်။

မြို့နယ်ဦးစီးဌာန(စိုက်ပျိုးရေး)မှ နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း မြို့နယ်စိုက်ပျိုးရေးရုံးများနှင့် ခရီးကွာဝေးမှုကြောင့် ထိရောက်စွာ အကောင်အထည်ဖော်ပေးမှုများ မရှိသော်လည်း စိုက်ပျိုးမှုများအတွက် ကျေးရွာတွင် ငွေတိုးချေးသူများရှိသော်လည်း အတိုးနှုန်းမှာ များပြားနေသေးပါသည်။ စိုက်ပျိုးရေးဘဏ်များမှ စိုက်ပျိုးစရိတ် မရရှိသေးသော သစ်တောကျူး လယ်မြေများ လုပ်ကိုင်သူဦးရေ များပြားသည်ကိုလည်း တွေ့ရပါသည်။

ကျေးရွာတွင် အိမ်တွင်းမှုလုပ်ငန်းများ ပုံမှန်ဝင်ငွေလုပ်ငန်းများ မရှိပါသဖြင့် တံငါများ၊ လက်လုပ်ရွှေလုပ်ငန်းများ လုပ်ကိုင်သူတို့သည် ရာသီဥတုအပေါ် မှီခိုနေရသကဲ့သို့ ဖြစ်ပေါ်နေသည်ကိုလည်း တွေ့ရပါသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် အလုပ်အကိုင်များဖန်တီးခြင်း၊ အသက်မွေးပညာရရှိခြင်း၊ သဘာဝအင်းနှင့် တောတောင်တို့ကို အခြေပြု၍ ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထား ယခင်အခြေအနေများထက် တိုးတက်စေရမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် လာမည့်၂နှစ်အတွင်း အခြေခံအဆောက်အဦနှင့် သင်ထောက်ကူပစ္စည်းများ ဆရာ/မများ ပြီးပြည့်စုံ၍ ကလေးတို့၏ ပညာရေးကို တဆင့်တိုးတက်စေရန် လူသားဆိုင်ရာ စွမ်းဆောင်မှုနယ်ပယ်ကို ပိုမိုကျယ်ဝန်လာစေရမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် ခေတ်နှင့်လျော်ညီသော ကျန်းမာရေးအထောက်အကူပြု ပစ္စည်းများ ဆေးဝါးများ လူစွမ်းအားများ ပြီးပြည့်စုံ၍ လုံခြုံသော ကျန်းမာရေးပိုင်ဆိုင်သောဘဝကို ရောက်ရှိစေရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင် အရင်းနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ ရင်းနှီးငွေများ ရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာ နည်းပညာဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်။ သင်တန်းတက်ထားသူများကတဖန် ကျေးရွာတွင် ရှိထားသော နည်းပညာများကို မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှု တိုးတက်စေမည်။

ခ.၂) ကျွန်ုပ်တို့သည် လက်သမား၊ အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ယိုနှင့် မုန့်လုပ်ငန်း၊ ဆံပင်ညှပ်၊ စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်နှင့် မိုဘိုင်ဖုန်းပြင်စသော သင်တန်းများ တက်ရောက်နိုင်ရန် သင့် တော်သော သင်တန်းများကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထို့သင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်း အစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

ခ.၃) ကျေးရွာတွင် စာသင်ကျောင်းခြံစည်းရိုးကာရံပြီး ဆရာ/မများ နားနေဆောင် ဆောက်လုပ်ခြင်းဖြင့် ကလေးများ၏ အရည်အချင်းတိုးမြှင့်လာရေးအတွက် ဆောင်ရွက်မည်။ ပညာရေးနှင့် ချိတ်ဆက်ပြီး အထက်တန်းကျောင်းခွဲတွင် ဘာသာရပ်အလိုက် ကျွမ်းကျင်မှု ပြည့်ဝသော ဆရာ/မ ခန့်ထားရရှိနိုင်ရေးတို့အလိုက် ကျွမ်းကျင်မှု ပြည့်ဝသော ဆရာ/မခန့်ထားရရှိနိုင်ရေးတို့အတွက် ဆောင်ရွက်သွားမည်။

ခ.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့် ကျေးရွာဈေးဆောက်လုပ်ခါ ကျေးရွာ၏အခြေခံအဆောက်အဦများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ တစ်ချိန်တည်းတွင် ကျေးရွာအဆောက်အဦများကို အသုံးပြုစီမံခန့်ခွဲ၊ ထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင် ဆောင်ရွက်သွားကြမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို ကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှု စွမ်းရည်များ ပိုမိုရရှိအောင်ဆောင်ရွက်ရန် တိုက်တွန်းအားပေး ဆောင်ရွက်မည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ကျေးရွာဖွံ့ဖြိုးရေးအတွက်အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ကျေးရွာရှိ ရွာသူ/သားများကိုယ်ကိုင်လုပ်ကိုင် ဆောင်ရွက်ခဲ့မှုများကိုလည်း ပြန်လည်စီစစ်ခြင်း အတည်ပြုထားသော ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ထားသော ကာလအတိုင်းပြန်လည်စီစစ်သွားပါမည်။ အရေးကြီးသည်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင် ဆောင်ရွက်ရန်ဖြစ်သည်။ ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအားနည်းပြီး ပညာအထောက်အပံ့များ ပံ့ပိုးမှုသည် အလွန်အရေးပါသည်။

**(ခ) စိုက်ပျိုးမြေများထိရောက်စွာ အသုံးချနိုင်ရေး**

ကျေးရွာတွင် စပါးကိုသာ အဓိကစိုက်ပျိုးကြပြီး တောင်သူများအတွက် အထွက်နှုန်းလျော့နည်းခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်သည်။ တောင်သူလယ်သမားများ စပါးအထွက်နှုန်းတိုးရန်အတွက် မြေဆီထိန်းသိမ်းနည်းပညာရရှိရေးအတွက် စိုက်ပျိုးရေးဌာနမှ ဦးစီးဆောင်ရွက်ပေးသင့်သည်။ စပါးအထွက်နှုန်းလျော့နည်းမှုကြောင့် တောင်သူလယ်သမားများအတွက် ဝင်ငွေလျော့နည်းမှုဖြစ်စေသည်။

**(ဂ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သော ချေးငွေရရှိရန် စနစ်များ ပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးမြေများကို ထိရောက်စွာ အသုံးပြုနိုင်ရန်အတွက်နှင့် အသေးစား စီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။

**(ဃ) ကျေးလက်အသေးစား စက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့**

ကျေးရွာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းများကို အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ ယခုအခါအဆင်သင့် မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရအနေဖြစ်လည်း စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူ အဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ်အဆင့်စီမံခန့်ခွဲရေးအောက်တွင်ထားရှိကာ တစ်နှစ်ပတ်လုံးဝန်ဆောင်မှုထားရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ ကျေးရွာတစ်ခုလုံးတွင် အမျိုးမျိုးကွဲပြားနေသောလုပ်ငန်းများအတွက် လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ရေးဆွဲရန်ခက်ခဲပါသည်။ ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာစီမံအုပ်ချုပ်မှု နည်းပညာ၊ သတင်းအချက်အလက် လက်လှမ်းမီမှုတွင် အားနည်းနေပါသည်။ ကျေးရွာစီမံကိန်းရေးဆွဲဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်း ရှိရပါမည်။

**(င) ကျေးလက်ဈေးဆောက်လုပ်ရေး**

ကျေးရွာတွင် ပျံကျဈေးသည်များရောင်းချသည့် ယာယီဈေးရှိပါသည်။ မြို့နယ်အဖွဲ့အစည်းများမှ ရေသန့်ရှင်းရေးစနစ်နှင့် လမ်းတို့စနစ်တကျ ပါဝင်သည်။ ဈေးအဆောက်အဦတစ်ခုတည်ဆောက်ပေးရန် ဆောင်ရွက်ပေးသင့်ပါသည်။ သို့မှသာ မိမိကျေးရွာအပြင် အနီးအနားပတ်ဝန်းကျင်များမှ ကျေးရွာသူ/သားအချို့အတွက်လည်း အကျိုးခံစားမှု ရရှိစေနိုင်ပါမည်။

**၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ**

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည်ဖော်မည့်နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည်ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင် အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်ဦးစားပေးတန်းစီခဲ့ကြသည်။ စီမံချက်များသည် မည်သို့မျှပြည့်စုံမှုမရှိပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်ကာလစီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလို ပြောင်းလဲမှုမရှိဘဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါသည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ဗျူဟာမူဘောင်အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်းများကိုမည်သည့်ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့်သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍဆိုင်ရာအရ ခွဲခြားခြင်း (Functional classification )နှင့်စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက် ရောက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)ဟူ၍ နှစ်မျိုးရှိသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာ လူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ် ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်

ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင့်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းဟပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာ–မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေး အရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (ခ)ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူ ဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများရယူ ဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ–မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်း က အထောက်အကူပြု လမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါ မည်။

### (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါမည်။

–ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ

–စိုက်ပျိုးရေး၊ မွေးမြူရေးစနစ်စသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာ နှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့က တာဝန်ပေးထားသော အဖွဲ့ခွဲ၏ တာဝန်သာဖြစ်သည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေး တာဝန်မှာ မြို့နယ်သက်ဆိုင်ရာ ဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာ ဖွံ့ဖြိုးရေးအဖွဲ့သည် တာဝန်ပေးထားသော အဖွဲ့ခွဲကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

**(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ**

ကျွန်ုပ်တို့ ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံး ပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေထောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့် ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်း ကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ အဖွဲ့ခွဲအား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

**၁၁။ စီမံကိန်းအား စဉ်ဆက်မပြတ် လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း**

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်း အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အဓိကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့် အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်း စနစ်လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

**(က) ကြီးကြပ်စစ်ဆေးခြင်း(Momitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှုနှင့် ငွေကြေးဆိုင်ရာတိုးတက်မှုတို့ကို စနစ်တကျကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်းများဖြစ်ပါမည်။ (၃)လပတန်ကုန်ဆုံးချိန်တွင် အဖွဲ့နှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေး တွေ့ရှိမှု အစီရင်ခံစာကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံ တင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်ပါမည်။ (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

**(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု**

-စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်း အတာ

-အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်ခဲ အဟန့်အတားများနှင့် ပြု ပြင်သင့်သော အဆိုပြုချက်များ

-ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ

**(၂) ငွေကြေးဆိုင်ရာတိုးတက်မှု**

-ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)

-(၃)လပတ်ကုန်တွင်ရှိသော ငွေသားနှင့် အခြားပစ္စည်းလက်ကျန်

-ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေ

ရသော အခက်အခဲများ ပြဿနာများ

-ငွေကြေးစုဆောင်းပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာအနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည့် စာမျက်နှာ၂-၃မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထား ဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှာမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည့်တို့ပါဝင်ပါမည်။

**(ခ)နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကဲဖြတ်ပွဲ**

စီမံကိန်းကာလနှစ် တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။

**ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-**

ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်ငွေသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည့်တို့ဖြစ်ပါသည်။ နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဆက်အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

**(ဂ) နည်းပညာဆိုင်ရာအကူအညီ**

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

# ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **၁။ လမ်း၊ တံတား၊ လျှပ်စစ်** | | | | | |
| | ကျေးရွာတွင်းလမ်းခင်းရန် | ၉၇ | ၁ | မိုးညှင်းမြို့မှ ဟိုပင်-အင်းတော်ကြီးသွားကားလမ်းသည် ကတ္တရာလမ်းဖြစ်ပြီး ရွာ၏ အနောက်ဘက်တွင်ရှိသည်။ ကျေးရွာ၏ ရွာတွင်းသွားလမ်းမှာ မြေနီလမ်း၊ ကျောက်တောင်များပေါ်တွင် ဖောက်လုပ်ထားသောကြောင့် ကျောက်လမ်းဟုခေါ်ဆိုနိုင်သော်လည်း မိုးတွင်းကာလတွင် ရေတိုက်စားမှုကြောင့် အပျက်အစီးများကို တွေ့ရပါသည်။ ကိုယ်ထူကိုယ်ထလုပ်အားဒါနများဖြင့် ပြုပြင်ပါသော်လည်း ရာသီဥတုဒဏ်ကို မကျော်လွှန်နိုင်ပါ။ သို့ပါ၍ နည်းပညာများ၊ ငွေကြေးအင်အားတို့ဖြင့် ပြုပြင်တည်ဆောက်မည်ဆိုလျှင် ရပ်ရွာပြည်သူလူထုအတွက် သွားလာရေးတွင် လွယ်ကူချောမွေ့လာနိုင်ခြင်း။ | |
| **၂။ ပညာရေး** | | | | | |
| | ကျေးရွာ၏ ပညာတတ်မြောက်မှုတိုးတက်စေရန် | ၉၂ | ၂ | ကျေးရွာတွင် မူလတန်းနှင့် အလယ်တန်းကို အလျား၂၁၂ပေ၊ အနံ ၃၀ပေ၊ အမြင့်၂၂ပေရှိသော နှစ်ထပ်ကျောင်း သွပ်မိုးအုပ်နံရံကာ ကျောင်းဆောင်နှင့် ပညာသင်ကြားနေပြီး ယခုပညာသင်နှစ် ၂၀၁၇မေလတွင် အ.ထ.က(ခွဲ)အဆင့် ထပ်မံရရှိလာသောကြောင့် ရှေ့အလားအလာတွင် ကျောင်းသားဦးရေတိုးများလာပါသဖြင့် ကျောင်းဆောင်သစ် လိုအပ်နေသည်မှာ အမှန်ပင်ဖြစ်ပါသည်။ ရွာသားအားလုံးနီးပါးမှာ ရေးတတ်ဖတ်တတ်ကြပြီး လူဦးရေ၅% | |

| | | | | | |
|---|---|---|---|---|---|
| | | | | မှာ ဘုန်းကြီးကျောင်းပညာရေးကို ရရှိထားကြသည်။ ကျောင်းတွင် မူပြဆရာ၅ဦး၊ လယ်ပြဆရာ၁၁ဦးနှင့် ထက်ပြဆရာ၅ဦးရှိကြသည်။ ဆရာ/မအချို့နှင့် တပည့်အချို့မှာ မညီမျှသဖြင့် ကျောင်းဆရာ/မလုံလောက်စွာ မရှိခြင်း။ | |
| **၃။ ရပ်မိရပ်ဖ** | | | | | |
| | ကျေးရွာအတွက် သုံးရေအဆင်ပြေရန် | ၈၇ | ၃ | သုံးရေများအတွက် ကျေးရွာပြည်သူများမှာ အင်းရေကို ရေမော်တာတင်၍ အသုံးပြုကြပါသည်။ တောင်ကုန်းပေါ်၌ရှိသော အိမ်ခြေအတွက် သုံးရေရရှိရန် အခက်အခဲရှိသော်လည်း မြေနိမ့်ပိုင်းများတွင်သာ ရေတွင်းရေသုံးနိုင်ပြီး ကုန်းမြင့်နေအိမ်များအတွက် ရေကန်တည်ပြီး ဖြန့်ဝေသော စနစ်ဖြင့်လည်းကောင်း၊ ရွာတန်းရှည်ဖြစ်၍ ရေပိုက်လိုင်းများ သွယ်တန်းအသုံးပြုမှု လွယ်ကူခြင်းကြောင့် ငွေကြေးရင်းနှီးမှုနှင့် နည်းပညာများ လိုအပ်ခြင်း။ | – |
| **၄။ ရပ်မိရပ်ဖ** | | | | | |
| | နေအိမ်များသို့ ချဲ့နိုင်စေရန် | ၈၁ | ၄ | ရွာ၏ အရှေ့ဘက်ခြမ်းတွင် အင်းတော်ကြီးအိုင်နှင့် အနောက်ဘက်တွက် သစ်တောပိုင်းမြေများရှိနေပါသဖြင့် ရွာ၏နေအိမ်နှင့် မြေယာများ တိုးချဲ့မှုမှာ အခက်အခဲများရှိနေပါသည်။ | |

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံချက် | အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|
| ၁။ စာသင်ဆောင်နှင့်ဆရာ/မနေအိမ်ရရှိရေး | ၁ | —— | —— | | | |
| ၂။ ကျေးရွာတွင်းလမ်း | ၂ | —— | —— | | | |
| ၃။ ကျေးရွာတွင်းသောက်သုံးရေရရှိရေး | ၃ | —— | —— | —— | | |
| ၄။ ကျေးရွာပိုင်မြေများ တိုးချဲ့ရေး | ၄ | —— | —— | —— | | |
| ၅။ အလုပ်လက်မဲ့များအတွက် အလုပ်အကိုင်များ စီစဉ်ပေးနိုင်ရန် | ၅ | —— | —— | —— | —— | —— |
| ၆။ မူးယစ်ဆေးကင်းစင်စေရန် | ၆ | —— | —— | —— | —— | |
| ၇။ ကျေးရွာအတွက် ကျောက်လမ်း တည်ဆောက်နိုင်ရန် | ၇ | —— | —— | —— | —— | —— |
| ၈။ ကျေးရွာအတွင်း တံတားများ တည်ဆောက်နိုင်ရန် | ၈ | —— | —— | —— | —— | —— |
| ၉။ ကျေးရွာစာကြည့်တိုက် ဖွင့်လှစ်နိုင်ရေး | ၉ | —— | —— | —— | —— | |
| ၁၀။ မီးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန် | ၁၀ | —— | —— | —— | —— | |
| ၁၁။ ကွဲနွားရောဂါကာကွယ်ပေးနိုင်ရန် | ၁၁ | —— | —— | —— | —— | —— |

### ၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ(indicative)အဖြစ် ကိုးကားရန်သာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းရှင်များထံမှ ဘတ်ဂျတ် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား မဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အားသဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | |
|---|---|---|---|---|---|
| | | | သာမန်အသုံး | ငွေလုံးငွေရင်းအသုံးစရိတ် | လူသားချင်းစာနာမှု |

| | | | စရိတ် | ငွေလုံး ငွေရင်းအ သုံးစရိတ် | စွမ်းဆောင် ရည်မြှင့် တင်ရေး | ဆိုင်ရာ ထောက်ပံ့ မှု |
|---|---|---|---|---|---|---|
| ၁ | စာသင်ကျောင်းနှင့် ဆရာ/မ နေအိမ် ရရှိရေး | | | ✓ | | |
| ၂ | ကျေးရွာတွင်းလမ်းခင်းခြင်း | | | ✓ | | |
| ၃ | ရေပေးဝေရေး အဆင်ပြေစေရန် | | | ✓ | | |
| ၄ | ကျေးရွာပိုင်မြေများ တိုးချဲ့စေရေး | | | ✓ | | |
| ၅ | အလုပ်လက်မဲ့များအတွက် အလုပ်အကိုင်များ စီစဉ်ပေးနိုင်ရန် | | | | ✓ | |
| ၆ | မူးယစ်ကင်းစင်စေရန် | | | | | ✓ |
| ၇ | ကျေးရွာချင်းဆက်ကျောက်ချောလမ်း တည်ဆောက်နိုင်ရန် | | | ✓ | | |
| ၈ | ကျေးရွာအတွင်း တံတားတည်ဆောက်နိုင်ရန် | | | ✓ | | |
| ၉ | ကျေးရွာစာကြည့်တိုက်ဖွင့်လှစ်နိုင်ရန် | | | ✓ | | |
| ၁၀ | မီးအန္တရာယ်အတွက် ကြိုတင်ကာကွယ်နိုင်ရေး | | | | ✓ | |
| ၁၁ | ကျွဲ၊ နွားရောဂါကာကွယ်ပေးနိုင်ရေး | | | | ✓ | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက် ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

**(၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင် အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြား သော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့်တင်ရန်**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**၊ မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

**(၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်း များ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

**၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေး

အတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖေါ်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖေါ်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာအတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

### (၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်;ဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီး တို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရ ပါမည်။ (၃)လပတ်ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖေါ်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သောအဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမ ယင်းအခြေခံ သတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကို တည်ဆောက်ရ ပါမည်။

## (၁၁-၂ ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံ ရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ**

**(၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏% |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၂၆ | ၂၂ | **၄၈** | ၂.၃% |
| ၁ နှစ်မှ ၅နှစ်အောက် | ၅နှစ်အောက်ကလေးငယ် | ၇၉ | ၉၀ | **၁၆၇** | ၈.၁၃% |
| ၅ နှစ်မှ ၉နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၁၀၁ | ၉၄ | **၁၉၅** | ၉.၃၈% |
| ၉ နှစ်အထက်မှ ၁၄နှစ် အထိ | အလယ်တန်းကျောင်းသား အရွယ် | ၁၄၃ | ၁၃၀ | **၂၇၃** | ၁၃.၁၃% |
| ၁၄ နှစ်အထက်မှ ၆၀နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၆၀၉ | ၆၄၅ | **၁၂၅၄** | ၆၀.၃၄% |
| ၆၀ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၄၅ | ၈၆ | **၁၃၁** | ၆.၃% |
| **စုစုပေါင်း လူဦးရေ** | | **၁၀၀၃** | **၁၀၆၇** | **၂၀၇၀** | **၁၀၀%** |
| **စုစုပေါင်း အိမ်ထောင်စု – ၃၇၅** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ – ၅.၅ဦး** | | | |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အိမ်ထောင်စုပေါင်း၃၇၅မှ လူဦးရေပေါင်း၂၀၇၀ ကျား၁၀၀၃ဦး၊ မ၁၀၆၇ဦးရှိသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ ၅.၅ရှိသဖြင့် မြန်မာနိုင်ငံ၏ စံနှုန်းဖြစ်သော တစ်အိမ်ထောင်ပျမ်းမျှလူဦးရေ တိုးပွားမှု ၅ဦးနှုန်းထက် အနည်းငယ်သာလျက်ရှိသည်ကို တွေ့ရပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သူအရွယ် လူဦးရေမှာ ၁၂၅၄ဦး ၆၀.၃%ရှိပြီး မှီခိုသူ လူဦးရေမှာ ၈၁၆ဦး ၃၉.၄%ရှိသောကြောင့် ကျေးရွာ၏ အလုပ်လုပ်နိုင်သောအရွယ် လူဦးရေမှာ အသင့်အတင့်ရှိသည်ကို တွေ့ရပါသည်။ အလုပ်လုပ်နိုင်သောအရွယ်တွင် အမျိုးသမီးအလုပ်လုပ်နိုင်သော လူဦးရေမှာ အမျိုးသား ဦးရေထက် ၃၆ဦး ၂.၈%ပိုများသည်ကိုလည်း တွေ့ရပါသည်။ တစ်နှစ်အောက် လူဦးရေမှာ ၄၈ဦး ၂.၃%သာရှိသဖြင့် လူဦးရေမွေးဖွားနှုန်းနည်းသည်။**

**(၁.၂) အလုပ်လုပ်နိုင်သူ အင်အား**

**(၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | **အိမ်ထောင်စု** | **%** | **မိသားစု ဝင်လုပ်အား** | | |
| **၁** | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၉၂ | ၅၁.၂ | | | လယ် |
| | အလုပ်သမား၊ ကျပန်း၊ အငှား ရာသီအလိုက် အလုပ်သမား | | | | | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၁ | ၈.၂ | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၄ | ၄ | ပန်းပဲ၊ သွင်ခုံ၊ ဆိုင်ကယ် |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထေ ာင်စု | % | မိသားစု ဝင်လုပ် အား | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄၈ | ၁၂.၈ | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | ၂ | ၂ | ကားမောင်း |
| ၁၃ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၄ | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၅ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစု ဝင်လုပ် အား | | |
| ၁၆ | **ပညာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | ၇ | ၇ | ကျောင်းဆရာ/ ဆရာမ |
| ၁၇ | **ကျန်းမာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ အငှား ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၀၄ | | | | |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ – UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | **စုစုပေါင်း** | ၃၇၅ | | | | |

**ရင်းမြစ်...** (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ အဓိကလုပ်ငန်းအနေဖြင့် တောင်သူလုပ်ငန်းများ ဖြစ်ပါသည်။ တောင်သူဦးရေ ၁၉၂အိမ်ထောင်စုရှိပြီး စက်ယန္တယားများကို အဓိကထားလုပ်ကိုင်သော တောင်သူဦးရေမှာ နည်းပါးပြီး ကျွဲ၊ နွားနှင့် လူ၏လုပ်အားကိုတာ အဓိကထား လုပ်ကိုင်သော တောင်သူဦးရေများပါသည်။ ကျေးရွာအတွင်း တောင်သူများအနေဖြင့် သီးထပ်သီးညှပ် စိုက်ပျိုးခြင်းများ နည်းနေသည်ကို တွေ့ရှိရပါသည်။ အခြားလုပ်ငန်းအနေဖြင့် တံငါလုပ်ငန်းလုပ်ကိုင်သူများနှင့် လက်လုပ်လက်စား ရွှေလုပ်ကိုင်သူ များသာရှိသည်။**

**(၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား** (၃) **လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ | (နေ့စားလုပ်ခြင်း) |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - | |
| ၃ | ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | ၈၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၄၅၀၀ | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၈၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၀၀၀ | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | - | - | - | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်**

**(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

**(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်း အလုပ်သမားများ လုပ်အားခမှာ လုပ်ငန်းခွင်နှင့် လုပ်အား စိုက်ထုတ်မှုအပေါ် မူတည်၍ နေ့စားခများ ကွာခြားချက်ရှိကြသည်။ အများဆုံးလုပ်အားခများအနေဖြင့် အခြေအနေအလိုက် ၆၀၀၀ကျပ်မှ ၁၀၀၀၀ကျပ်ထိ ရှိကြသည်။**

### (၁.၃) သဘာဝ ရင်းမြစ်များ

### (၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| 37စိုက်ပျိုးမြေ | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၁၃၀၈.၀၉ | သင့် | မရ | မိုးရေနှင့် ချောင်းရေ |
| ယာမြေ /တောင်ယာ | ၁၂၇ | သင့် | မရ | မိုးရေ |
| ဥယျာဉ်ခြံမြေ | ၇၃ | သင့် | မရ | မိုးရေ |
| အိမ်ခြံဝင်း စိုက်ခင်း | ၉၀.၂၀ | သင့် | မရ | မိုးရေနှင့် တွင်းရေ |
| နှစ်ရှည်သီးနှံစိုက်ခင်း | ၆၄ | သင့် | မရ | မိုးရေ |
| ရွှေ့ပြောင်းတောင်ယာမြေ | - | - | - | - |
| ကိုင်း/ကျွန်းမြေ | - | - | - | - |
| စားကျက်မြေ | - | - | - | - |
| ပလပ်မြေ | - | - | - | - |
| အခြား | - | - | - | - |
| စုစုပေါင်း | ၁၆၆၃.၁၉ | - | - | - |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမားအုပ်စု။

မှတ်ချက်။ ။ရေရှိသည့် နေရာအမျိုးအစား–ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ လယ်မြေ၁၃၀၈.၉၉ဧက၊ တောင်ယာမြေ ၁၂၇ဧက၊ ဥယျာဉ်ခြံမြေ ၇၃ဧကနှင့် အိမ်ခြံဝင်းစိုက်ခင်း ၉၀.၂၀ဧက၊ နှစ်ရှည်သီးနှံစိုက်ခင်း ၆၄ဧက၊ စုစုပေါင်း စိုက်ပျိုးမြေ ၁၆၆၃.၁၉ဧကရှိသည်။ စိုက်ပျိုးမြေအားလုံး၏ မြေအရေအသွေးမှာ အသင့်အတင့်ရှိပြီး စိုက်ပျိုးမြေ စိုက်ပျိုးကြရသည်။ ထို့ကြောင့် ရာသီဥတုအပေါ် မူတည်၍ ရေလိုသလောက်မရပါက သီးနှံအထွက်နှုန်း လျော့နည်း ပြီး ရေလုံလောက်ပါက သီးနှံအထွက်နှုန်း အသင့်အတင့်ရှိပါသည်။ ကျေးရွာ၏ အဓိကစိုက်ပျိုးသော သီးနှံမှာ စပါး၊ မြေပဲ၊ ပဲငါးပိတို့ဖြစ်သည်။

(၁.၃.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | သင့် | ခက် |
| အခြား ရင်းမြစ်များ | | |
| အခြားသဘာဝရင်းမြစ် | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | နည်း | လက်လှမ်းမမီ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | သင့် | လက်လှမ်းမမီ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် သဘာဝအရင်းအမြစ်အနေဖြင့် ထင်း၊ မီးသွေးများ အသင့်အတင့်ရရှိနိုင်ပါသည်။ သဘာဝပေါက်ပင်အနေဖြင့် အင်းကညင်၊ တောက်ကြနို့၊ ဝါး၊ ကျွန်း၊ စကားဝါး၊ သစ်ဆိမ့်၊ အင်ကြင်းစသည့်တို့ရှိသော်လည်း တဖြည်းဖြည်းနှင့် ရှားပါးလာသဖြင့် လက်လှမ်းမှီမှု တချို့နည်းပါးပါသည်။ သစ်၊ ဝါးအခြေခံကုန်ချောထုတ်လုပ်ရန် ကျွမ်းကျင်မှု နည်းပါးသည်။ အခြားအရင်းအမြစ်အနေဖြင့် ဆောက်လုပ်ရေးအတွက် အသုံးဝင်သော သဲ၊ ကျောက်ကို အလုံအလောက်ရရှိနိုင်သည်။ သဘာဝ ဆေးဖက်ဝင်အပင်အနေဖြင့် အများအပြားရှိသော်လည်း အသုံးပြုနိုင်ရန် ဗဟုသုတနှင့် နည်းပညာအားနည်းနေကြပါသည်။

**(၁.၄) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၀ဧကအထက် | ၅ဧကနှင့်အထက် | ၅ဧကအောက် | မြေယာမဲ့ |
| အိမ်အခြေအနေ | RCတိုက် | အုတ်နံရံ၊ သွပ်မိုး | ပျဥ်ထောင် | သက်ကယ်မိုး |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | ထွန်စက်ကြီး၊ ကား၊ ထော်လာဂျီ | လက်တွန်းထွန်စက်၊ ထော်လာဂျီ | ဆိုင်ကယ်၊ လှည်း၊ နွား | ပေါက်ပြား၊ တူရင်းပြား၊ အင်ပိုင်း |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | ကား၊ ဆိုင်ကယ်၊ ဖုန်း၊ တီဗွီ | ဆိုင်ကယ်၊ ဖုန်း၊ တီဗွီ | ဆိုင်ကယ်၊ ဖုန်း | စက်ဘီး၊ ဖုန်း |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူကြီး၊ ရွှေလုပ်ငန်းရှင် | စက်သေး ရွှေကျင်းပိုင်၊ ဈေးဆိုင် | နေ့စား အလုပ်သမား၊ တံငါ | နေ့စား၊ မြေယာမဲ့ |
| အခြားပိုင်ဆိုင်မှု | | | | |
| အိမ်ထောင်စု – ၃၇၅ | ၅၅(၁၄.၇%) | ၁၀၇(၂၈.၅%) | ၁၂၇(၃၃.၉%) | ၈၆(၂၂.၉%) |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ ဥစ္စာဓနအဆင့် သတ်မှတ်ရာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှု ယန္တယားကြီးများ ပိုင်ဆိုင်သော ရွှေလုပ်ငန်းရှင်များ၊ ရွှေနှင့် လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်မှု၊ ထုတ်လုပ်မှုများနှင့် မဆိုင်သော ပစ္စည်းများ ပိုင်ဆိုင်မှုနှင့် တိုက်တာအိုးအိမ်ခြံမြေပိုင်ဆိုင်မှုများ တွေ့ရှိရသည်။ ကျေးရွာ၏ ဥစ္စာဓနအဆင့်ကို ၄အဆင့် သတ်မှတ်နိုင်သော်လည်း အဆင်ပြေသော အိမ်ထောင်စု၁၆အိမ် ၄.၂%သာရှိပြီး အလယ်အလတ်ရှိသော အိမ်ထောင်စု၈၄အိမ်၂၂.၄%၊ ဆင်းရဲသောအိမ်ထောင်စု၁၀၁အိမ် ၄၆.၄%ရှိသည်။ အလွန်ဆင်းရဲသော သတ်မှတ်ထားသော်လည်း လုပ်ကိုင်စားသောက်နိုင်သော လုပ်ငန်းများ အသင့်အတင့်ရှိကြ၍ သတိထားစောင့်ကြည့်နေရသော အလွန်ဆင်းရဲသော အိမ်ထောင်စုများ မရှိသည်ကို တွေ့ရပါသည်။

## (၁.၅) ထိခိုက်လွယ်မှု

### (၁.၅.၁) ဝမ်းစာဖူလုံမှု

**ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်း)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၈၃ | ၂၂.၁% | ငွေချေးခြင်း |
| ၃ လနှင့် ၅ လ အထိ | | | |
| ၆လ မှ ၁၂ လ အထိ | | | |

**ရင်းမြစ် .. ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းအားစစ်တမ်းကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။ ။ အဆင့်၃မှ ၃၀အိမ်နှင့် အဆင့်၄မှ ၅၃အိမ် စုစုပေါင်း၈၃အိမ် ကျေးရွာတွင် အဆင့်၃ မိသားစု၏ ၃၀% ၃၀အိမ်နှင့် အဆင့်မိသားစု၏၃၀%၅၃အိမ်၊ စုစုပေါင်း၈၃အိမ်ထောင်စုအား စီစစ်ကြည့်ရာတွင် အခြားလုပ်ငန်းများနှင့် ရွှေလုပ်ငန်းရှင်များထံမှ လုပ်အားခကြိုထုတ်ခြင်းနှင့် ချေးယူခြင်း၊ ဈေးဆိုင်များတွင် အကြွေးယူစားပြီး ပြန်လည်ပေးဆပ်ဖြေရှင်းကြသည်။ ကျေးရွာအတွင်းရှိ ရေလုပ်ငန်းလုပ်ကိုင်ကြသော မိသားစု များအား FFI/ FOWအစရှိသော အင်းတော်ကြီးကန်သာယာလှပရေး NGOအဖွဲ့အစည်းများထံမှ အတိုးနှုန်း နည်းစွာဖြင့် ချေးယူပြီး ပြန်လည်ပေးဆပ်သော နည်းများဖြင့်လည်း ဖြေရှင်းကြသော မိသားစုများကိုလည်း တွေ့ရှိရပါသည်။ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းမှလည်း ငွေချေးယူနိုင်ကြပါသည်။**

**ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | – | – | – |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | – | – | – |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု | – | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | – | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | – | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။။** ကျေးရွာတွင်း အသက်ကြီးရွယ်အိုများကို စောင့်ရှောက်မှု ကင်းမဲ့သော အိမ်ထောင်စုများ မရှိပါ။ မုဆိုးဖို၊ တခုလပ်များ ဦးဆောင်သော မိသားစုများရှိသော်လည်း နေထိုင်စားသောက်ရန် အသင့်အတင့်ရှိသော မိသားစုများသာ ရှိပါသည်။ ဆင်းရဲသော မိသားစုများ မရှိကြပါ။

### (၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

**ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | လတ် | အသင့်အတင့်ရှိသည်။ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု(မြေ၊စိုက်ပျိုးရေ) | လတ် | စိုက်ပျိုးမြေရှိခြင်း၊ ရွှေလုပ်ငန်း၊ တံငါလုပ်ငန်းများ ရှိခြင်း။ |
| ၃ | ရေကြီးခြင်း | နိမ့် | အင်းဘေး တောင်ကုန်းပေါ်ရှိခြင်း။ |
| ၄ | မိုးခေါင်ခြင်း | နိမ့် | မိုးများသော တောင်ပေါ်ဒေသဖြစ်ခြင်း။ |
| ၅ | အအေးလွန်ကဲခြင်း | နိမ့် | ဖြစ်လေ့ဖြစ်ထမရှိခြင်း။ |
| ၆ | မုန်တိုင်း | နိမ့် | ဆိုးဆိုးဝါးဝါးမရှိခြင်း။ |
| ၇ | လျှေင် | လတ် | အင်းတော်ကြီး လျှေင်ကြောရှိခြင်း။ |
| ၈ | မီးဘေး | နိမ့် | အိမ်ရာဝင်းများ ကျယ်ခြင်း။ |
| ၉ | ဆားငန်ရေဝင်မြေ | နိမ့် | ပင်လယ်နှင့် နီးစပ်မှုမရှိခြင်း။ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | လတ် | ရွှေလုပ်ငန်းနှင့် သစ်တောပြုန်းတီးမှု ရှိခြင်း။ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် | ရွှေတူးခြင်း၊ သစ်ထုတ်ခြင်း။ |
| ၁၂ | ငှက်ဖျားရောဂါ | လတ် | ရာသီဥတု ပြောင်းလည်းမှုများခြင်း။ |
| ၁၃ | တီဘီရောဂါ | နိမ့် | |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | | |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | လတ် | ငြိမ်းချမ်းရေး မယူသော ဖွဲ့ရှိခြင်း။ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | လတ် | တိမွေးကုမရှိခြင်း။ |
| ၁၇ | လူကုန်ကူးခြင်း | | |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | နိမ့် | လမ်းပန်းဆက်သွယ်ရေးကောင်းခြင်း။ |
| ၁၉ | အခြား | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေတွင် ရေသယံဇတ၊ သစ်တောသယံဇတ၊ သတ္တုသယံဇတရှိသည်။ မြေဆီလွှာပျက်စီးမှုများသည်။ အဘယ်ကြောင့်ဆိုသော် ရွှေလုပ်ငန်းကြောင့် သစ်တောပြုန်းတီးမှုရှိသည်။ ရေဝပ်ဒေသပေါ်များခြင်းနှင့် ခြင်းများပေါ်များရှိခြင်းကြောင့် ကိုယ်ခံအားကျဆင်းမှု ကူးစက်သောရောဂါများရှိသည်။ အင်းတော်ကြီးလျှေင်ဇုန်အတွင်း ရှိနေခြင်းကြောင့် အချိန်မရွေး လျှေင်အန္တရာယ်ဖြစ်ပေါ်နိုင်သည်။ ငြိမ်းချမ်းရေးမယူသောအဖွဲ့များ ရှိနေ၍ ပြည်တွင်းပဋိပက္ခ ရှိနိုင်သည်။

**(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | မြင့် | မူးယစ်ဆေးဝါး၊ ယာဥ်တိုက် မှု |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | နိမ့် | အလုပ်အကိုင်ရှားပါးခြင်း |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | နိမ့် | အလုပ်အကိုင်ရှားပါးခြင်း |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | နိမ့် | သဘာဝဘေး အန္တရာယ် နည်းပါးခြင်း။ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | နိမ့် | အင်းဘေးနေထိုင်သူ နည်း ခြင်း။ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင် နေထိုင်သူများ | လတ် | အဝေးပြေး ကတ္တယာလမ်း ကျဉ်းခြင်း၊ လမ်းယာဉ် စည်းကမ်းမဲ့ခြင်း။ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူ များ (IDP) | မရှိ | - |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | မရှိ | - |
| ၉ | ငါးကန်ပိုင်ရှင် | မရှိ | - |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | လတ် | အခြေခံ အလုပ်ပေါ်များခြင်း။ |
| ၁၁ | လူနည်းစုလူမျိုးများ | မရှိ | - |
| ၁၂ | ဒေသတွင်းပဋိပက္ခရေိယာတွင် နေထိုင်သူများ | မရှိ | - |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မရှိ | |
| ၁၄ | ရွှေတွင်းလုပ်သား | လတ် | အစဉ်လာရ လုပ်ကိုင်သည့် လုပ်ငန်းဖြစ်ခြင်း။ |
| ၁၅ | ဆေးစွဲသူများ | မြင့် | အလွယ်တကူ ဝယ်ယူသုံးစွဲ နိုင်ခြင်း။ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ | နိမ့် | မူးယစ်ဆေးသုံးစွဲသူ ရှိခြင်း။ |
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | လတ် | ဥပဒေစိုးမိုးမှု နည်းခြင်း။ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မရှိ | |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | လတ် | မော်တက်ကျောက်တူး လုပ် ကိုင်ခြင်း။ |
| ၂၀ | ကားသမား | မြင့် | အချိန်မရွေး အန္တရာယ်ကျ |

| စဉ် | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| | | | ရောက်နိုင်ခြင်း။ |
| ၂၁ | အခြား | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ထိခိုက်သက်ရောက်မှုခံရနိုင်သော လူငယ်နှင့် အိမ်ထောင်ဦးစီးများ မူးယစ်ဆေးစွဲ၍ ဦးဆောင်နေရသော အမျိုးသမီးများ ရွှေတွင်းလုပ်သားများ၊ ဆေးစွဲသူများ၊ လှည်း လည် ဈေးရောင်းသူများ၊ ကားသမားများသည် ထိခိုက်လွယ်မှုမြင့်သည်။ အလုပ်သမားလူငယ်ထုများ၍ မိသားစုအတွက် အဓိကအလုပ်လုပ်ကိုင်ရှာဖွေရသော လုပ်ငန်းခွင်တွင် ထိခိုက်နိုင်ခြင်း၊ ရွှေတွင်းနှင့် ရေဝပ်နေရာပေါ်များ၍ ခြင်ပေါက်ဖွားနှုန်းများသောကြောင့် ငှက်ဖျားရောဂါ ဖြစ်နိုင်ခြင်း၊ မူးယစ်ဆေးဝါး သုံးစွဲသူ ရာဇဝတ်မှု အလွယ်တကူချို့ဖောက်နိုင်ခြင်း၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်း နည်းမလည်၍ လမ်းကျဉ်းသောကြောင့် အချိန်မရွေး ယာဉ်အန္တရာယ် ကျရောက်နိုင်ခြင်းတို့ တွေ့ရှိနေရသည်။ ကျန်သူ အုပ်စုမှာ ထိခိုက်လွယ်မှု နိမ့်သည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

**ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | သုဂတိယာနိယာ | ၂ | ၂၀ | ၁၀ | ၃၀ | သာရေး၊ နာရေး | ၄ | ၇ |
| ၂ | အပျို/ လူပျို | ၂ | ၁၁၄ | ၁၃၂ | ၂၄၆ | လူမှုရေး | ၄ | ၇ |
| ၃ | မိခင်နှင့် ကလေး | ၂ | | ၂၀ | ၂၀ | မိခင်နှင့် ကလေး စောင့်ရှောက်မှု | ၄ | ၈ |
| ၄ | အရံမီးသတ် | ၂ | ၁၂ | | ၁၂ | မီးဘေး ကာကွယ်ရေး | ၄ | ၇ |
| ၅ | ကျေးရွာဌာနေပြည်သူ့စစ် | ၂ | ၁၀ | | ၁၀ | ကျေးရွာတွင်း လုံခြုံရေး | ၄ | ၈ |
| ၆ | ကြက်ခြေနီ | ၂ | ၃ | ၅ | ၈ | ကျန်းမာရေး စောင့်ရှောက်မှု | ၄ | ၇ |
| ၇ | ရပ်မိရပ်ဖ | ၂ | ၅ | | ၅ | လူမှုရေး | ၄ | ၇ |
| ၈ | ဂေါပက | ၂ | ၁၄ | | ၁၄ | ဘာသာရေး | ၄ | ၇ |
| | | | | | | | | |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| | | | | | | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

**အုပ်စုအမျိုးအစား**

**(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

**(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

**(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

**ဦးဆောင်ဖွဲ့စည်းသူများ**

**(၄) ကျေးရွာလူထုကိုယ်တိုင်**

**(၅) ပြင်ပအဖွဲ့အစည်း**

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

**(၆) ကောင်း – လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁–၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။**

**(၇) သင့် – လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁–၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။**

**(၈) ညံ့ (အားနည်း) – ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်းတွင် လူမှုအခြေပြုအဖွဲ့အစည်း ဖွဲ့ရှိသည်။ ၄င်းတို့အနက် လူမှုရေးကို အခြေခံသောအဖွဲ့ ၆ဖွဲ့ရှိပြီး ဘာသာရေးကို အခြေခံသော အဖွဲ့၂ဖွဲ့ရှိသည်။ ၄င်းအဖွဲ့ဝင်အရေအတွက်ကို လေ့လာ ကြည့်ရာတွင် အမျိုးသမီးများပါဝင်သော အဖွဲ့အလွန် နည်း(သို့) လုံးဝမပါသည်ကို တွေ့ရသည်။ ကျေးရွာရှိ အဖွဲ့အစည်းများသော်လည်း အဖွဲ့အစည်း အချင်းချင်း ချိတ်ဆက်မှု လုံးဝမရှိကြပါ။ ဦးဆောင်မှုစွမ်းရည်လည်း အားနည်းသည်ကို တွေ့ရသည်။ ထို့ကြောင့် အဖွဲ့အစည်းဆိုင်ရာ စီမံအုပ်ချုပ်မှုများ တိုးတက်ကောင်းမွန်လာစေရန် လိုအပ်သော သင်တန်းများ ပို့ချပေးရန် လိုအပ်ပါသည်။

## (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | အင်းချစ်သူ | ၂ | အင်းတော်ကြီးအင်းသာယာလှပရေး |
| ၂ | FFI | ၂ | သဘာဝပတ်ဝန်းကျင်းထိန်းခြင်း |
| ၃ | | | |
| ၄ | | | |

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၅ | | | |
| ၆ | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။**

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ)

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ)

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ** (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) **ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း** (ဥပမာ – UK Aid, GIZ **စသည့်**)

(၆) **ပရဟိတအဖွဲ့** (ပြည်တွင်း/ ပြည်ပ)

(၇) **ပုဂ္ဂလိကအဖွဲ့အစည်းများ**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာပြင်ပဖွံ့ဖြိုးရေးအတွက် အဖွဲ့အစည်းများနှင့် ဆက်စပ်မှု အားနည်းနေသည်ကို တွေ့ရသည်။**

### (၂.၂) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

### (၂.၂.၁) သီးနှံထုတ်လုပ်ရေး

### (၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏**စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၂၂၅ | ၆၀% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ကေအောက် | ၁၀ | ၂.၇% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ကေမှ ၅ ကေထိ | ၂၇ | ၇.၂% | တောင်သူငယ် |
| ၄ | ၅ ကေမှ ၁၂.၅ ကေ ကြား | ၇၈ | ၂၀.၈% | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ကေ အထက် | ၃၅ | ၉.၃% | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | | ၃၇၅ | ၁၀၀% | |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မြေယာမဲ့ ၂၂၅အိမ်ထောင်စု ၆၀%၊ ၂.၅ကေအောက် ဆင်းရဲသားတောင်သူ ၁၀အိမ် အိမ်ထောင်စု ၂.၇%၊ ၂.၅ကေနှင့် ၅ကေအကြား ပိုင်ဆိုင်သူ တောင်သူငယ်၂၇ အိမ်ထောင်စု ၇.၂%၊ ၅ကေနှင့် ၁၂.၅ကေအကြား ပိုင်ဆိုင်သူ အလယ်အလတ်စား တောင်သူ၇၈အိမ်ထောင် ၂၀.၈%နှင့် ၁၂.၅ကေအထက် ပိုင်ဆိုင်သူ တောင်သူကြီး ၃၅အိမ် ၉.၃%သာရှိသော်လည်း စိုက်ပျိုးမြေအများစုကို ၄င်းလူနည်းစုမှ ပိုင်ဆိုင်နေကြောင်း တွေ့ရသည်။ ကျန်မြေယာမဲ့၊ ဆင်းရဲသား**

**တောင်သူနှင့် တောင်သူငယ်မိသားစုများမှာ တောင်သူကြီးတွင် နေ့စားအငှားလိုက်ကြသည်။**

**(၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ**

**ဇယား** (**၁၄**) ကျေးရွာ၏ ရေရင်းမြစ်နှင့် **ရေသွင်းဧရိယာ**

| စဉ် | ရင်းမြစ် | အစိုးရ /ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | - | - | - | - |
| ၂ | ရေလွှဲဆည် | - | - | - | - |
| ၃ | မြစ်ရေတင်စီမံကိန်း | - | - | - | - |
| ၄ | အဝီစိတွင်း | - | - | - | - |
| ၅ | လက်ငင် ရေတွင်း | - | - | - | - |
| ၆ | စိမ့်စမ်းရေ | - | - | - | |
| ၇ | ချောင်းရေ | သဘာဝ | ၁၃၀၈.၉၉ | ရာသီအလိုက် | မရှိ |
| ၈ | အခြား | - | - | - | - |

**ရင်းမြစ်** ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊** (၂) **ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စိုက်ပျိုးမြေ စုစုပေါင်း၁၃၀၈.၉၉ဧကရှိပြီး မိုးရာသီ၌သာရရှိသော ချောင်းရေဖြင့် စိုက်ပျိုးရသည်။ ထို့ကြောင့် သီးနှံအထွက်နှုန်း နည်းပါးသည်။

**(၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း**

**ဇယား** (**၁၅**) **အဓိကသီးနှံများနှင့် အထွက်နှုန်း**

| သီးနှံ | စုစုပေါင်း စိုက် ဧက | သီးနှံထွက်မှု | | | | သီးနှံ စိုက်ပျိုးသည့် ကာလ | | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ် / မြင့်) | အမြတ် ရရှိနိုင်မှု (နိမ့်/လတ်/ မြင့်) | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | | |
| စပါး | ၁၃၀၈.၀၉ | တင်း | ၅၀ | ၁၀၀ | ၇၀ | ဇူလိုင် | ဒီဇင်ဘာ | မြင့် | လတ် | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ စပါးစိုက်လယ်၁၃၀၈.၉၉ရှိပြီး ဇူလိုင်လတွင် စတင်စိုက်ပျိုးပြီး ဒီဇင်ဘာလတွင် ရိတ်သိမ်းသည်။ သီးနှံအထွက်နှုန်းမှာ အနည်းဆုံး၅၀တင်းမှ အများဆုံး၁၀၀တင်းနှုန်း၊ ပျမ်းမျှ**

**၇၀တင်းနှုန်းထွက်သောကြောင့် အထွက်နှုန်း နည်းသည်။ အကျိုးအမြတ် နည်းသည်။**

**(၂.၂.၁.၄)လယ်ယာသုံးစက်ကိရိယာများ**

**ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု**

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာ ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| **ထွန်စက်** | ၇ | - | - | - | - | - | |
| **လက်တွန်းထွန်စက်** | ၆၉ | - | - | - | - | - | |
| **အစေ့ချ ကိရိယာ** | | - | - | - | - | - | |
| **ရိတ်သိမ်းခြွေလှေ့စက်** | ၁ | - | - | - | - | - | |
| **ရိတ်သိမ်းစက်** | ၉ | - | - | - | - | ၅ | |
| ခြွေလှေ့စက် | ၆ | - | - | - | - | ၄၀ | |
| ရေစုပ်စက် | ၉၆ | - | - | - | - | - | |
| ခြေနင်းရေတင်စက် | | - | - | - | - | - | |
| **မြက်ရိတ်စက်** | ၁၄ | - | - | - | - | - | |
| **အခြား** | ၁၄ | - | - | - | - | - | |

**ရင်းမြစ်**... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ လယ်ယာမြေသုံးစက်ကိရိယာများမှာလည်း အသေးစားများသာ ဖြစ်သောကြောင့် တစ်ပိုင်တစ်နိုင်သာ အသုံးပြုနိုင်ကြသည်။ စက်ကြီးများရှိသော်လည်း တစ်ချို့မှာ အငှားစားလိုက်ကြသည်။

**(၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ**

**ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ**

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီသြဇာ)** | **မြေဆီသြဇာအသင့်အတင့်ရှိသည်။** |
| **ရေရင်းမြစ်** | |
| သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေသြဇာ | **ငွေချေးအလုံအလောက် ရရှိနိုင်သည်။** |
| အော်ဂဲနစ်/ဓာတု ပိုးသတ်ဆေး | **လက်လှမ်းမှီသလောက် သိရှိသော ပိုးသတ်ဆေးများ သုံးစွဲသည်။** |
| ချေးငွေနှင့် ငွေကြေး | **စိုက်ဘဏ်မှ ပုံစံ၇ရှိပါက ၁ဧကလျှင် ၁၀၀၀၀၀ကျပ် ချေးငွေရရှိပါသည်။** |

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| ဝန်ဆောင်မှုများ | |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှု များ | **နီးစပ်ရာ စိုက်ပျိုးရေး ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။** |
| သွင်းအားစုဈေးကွက် | |
| ထုတ်လုပ်မှုဈေးကွက်နှင့် ကုန်သွယ်မှု | **ဈေးကွက် အလုံအလောက်ရှိသည်။** |
| အခြား | |

**ရင်းမြစ်** … (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊** (၂) **သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။**

**လေ့လာတွေ့ရှိချက်။** ။ စိုက်ပျိုးရေး တိုးတက်မှုအခွင့်အလမ်းများမှာ ကျေးရွာစိုက်ပျိုးမြေများမှာ မြေဆီသြဇာအသင့်အတင့် ကောင်းမွန်ပြီး သဘာဝမြေဆွေးအနေဖြင့် နွားချေးအလုံအလောက် ရရှိနိုင်ကြသည်။ လက်လှမ်းမီရပိုးသတ်ဆေးများ သုံးစွဲကြသည်။ စိုက်ပျိုးရေးစရိတ်ချေးငွေအနေဖြင့် ပုံစံရရှိသော လယ်မြေများအတွက် ၁ဧကလျှင် ၁၀၀၀၀၀ကျပ်နှုန်းဖြင့် အများဆုံး၁၀ဧကအထိသာ ချေးငွေရရှိသည်။ နည်းပညာဝန်ဆောင်မှုများ မရှိပါ။

**(၂.၂.၁.၆)သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ**

**ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု | **တိုးချဲ့ရန်မရှိ။** |
| မြေဆီသြဇာ အခြေအနေ | **မြေဆီသြဇာညံ့သည်။** |
| ငွေကြေးအရင်းအနှီးရရှိနိုင်မှု | **ပုံစံ၇မရှိသော စိုက်ပျိုးမြေများစွာ ရှိပြီးစိုက်ပျိုးစရိတ်ချေးငွေ မရနိုင်ခြင်း။** |
| စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု | **အလုံအလောက် သုံးစွဲနိုင်သည်။** |
| လုပ်သားရှားပါးမှု (ကျွမ်းကျင်သူ/ မကျွမ်းကျင်သူ) | **အလုပ်လုပ်နိုင်သူများ ရှိသော်လည်း ကျွမ်းကျင်မှု နည်းသည်။** |
| ရေရင်းမြစ်များ ရရှိနိုင်မှု | **မိုးရေသာရရှိပြီး သွင်းရေမရနိုင်ပါ။** |
| စိုက်ပျိုးရေမလုံလောက်မှု | **လုံလောက်မှုမရှိပါ။** |
| ဖျက်ပိုးနှင့် ရောဂါ | |
| ဈေးကွက် လက်လှမ်းမီမှု | **အလုံအလောက်ရှိသည်။** |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | **လုံလောက်စွာ မရကြပါ။** |
| **အခြား** | |

**ရင်းမြစ်** … (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊** (၂) **သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။**

**လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးမြေများ တိုးချဲ့ရန်မရှိပါ။ လယ်မြေများမှာ မြေဆီသြဇာ အသင့်အတင့် ကောင်းမွန်သည်။ စိုက်ပျိုးမြေအများစုမှာ ပုံစံ၇မရှိသောကြောင့် စိုက်ပျိုးမြေများစွာ ရှိပြီး စိုက်ပျိုးစရိတ် ချေးငွေလည်း မရနိုင်ပါ။**

**(၂.၂.၂) မွေးမြူရေးလုပ်ငန်း**

**(၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

**ဇယား** (၁၉) **မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| **မွေးမြူရေး** | | | |
| **ခိုင်းနွား** | ၅၆ | ၂၆၃ | |
| **နို့စားနွား** | - | - | |
| **မြင်း** | - | - | |
| **ကျွဲ** | ၃၄ | ၁၉၅ | |
| မြည်း | - | - | |
| လား | - | - | |
| ဆိတ် | - | - | |
| သိုး | - | - | |
| ဝက် | ၁၃၄ | ၃၇၃ | |
| ကြက် | ၂၁၂ | ၂၈၅၄ | |
| ဘဲ | ၅ | ၁၅ | |
| နွားနောက် | - | - | |
| အခြား | - | - | |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | ၁ | ၁ | |
| ပုဇွန်ကန် | - | - | |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | - | - | |
| ရေချို ငါးဖမ်းလုပ်ငန်း | ၃၀ | ၃၀ | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | - | |
| အခြား | - | ၁ | |

**ရင်းမြစ်...** (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မွေးမြူရေးလုပ်ကိုင်သူ ၂၅၈အိမ်ထောင်စု ၆၈.၈%သာ တစ်ပိုင်တစ်နိုင် အနေဖြင့် မွေးမြူကြသည်။ မွေးမြူထားသောအကောင်ရေမှာ ခိုင်းနွား၂၆၃ကောင်၊ ကျွဲ၁၉၅ကောင်၊ ဝက်၃၇၃ကောင်၊ ကြက်၂၈၅၄၊ ငါးကန်၁ကန်၊ ရေချိုငါးဖမ်းလုပ်ငန်း၃၀၊ အခြား၁သာ မွေးမြူကြသ်ည။ တိရိစ္ဆာန်ရောဂါ ကျရောက်ပါက တိမွေးကုဦးစီးဌာနသို့ အလွယ်တကူ ဆက်သွယ်နိုင်**

**ပါသည်။**

**(၂.၂.၂.၂)       မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက်  အခွင့်အလမ်းများ**

ဇယား (၂၀) **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

| **အခွင့်အလမ်း** | **ဖော်ပြချက်/ ရှင်းလင်းချက်** |
|---|---|
| **မွေးမြူရေး** | |
| **စားကျက်မြေ** | **ရှိပါသည်။** |
| **ရေရရှိမှု** | **လုံလောက်မှုရှိ** |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | **ဒေသအတွင်း ဆက်သွယ်ရရှိနိုင်သည်။** |
| ချေးငွေ | **ရှိပါသည်။** |
| သွင်းအားစုဈေးကွက် | **အလုံအလောက်ရရှိသည်။** |
| ဝန်ဆောင်မှုဈေးကွက် | **တိမွေးကုဦးစီးဌာနမရှိပါ။** |
| ထုတ်ကုန်ရောင်းဝယ်မှု | **ဈေးကွက်အလုံအလောက်ရှိသည်။** |
| **အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု** | **မတည်ရန်ပုံငွေစီမံကိန်းချေးငွေဖြင့် CB ကြက်မွေးမြူရန် ချေးငွေရရှိပါသည်။** |
| **အခြား** | |
| **ငါးလုပ်ငန်း** | |
| **ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု** | |
| **ချေးငွေ** | |
| **သွင်းအားစု လက်လှမ်းမီမှု** | |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | |
| ထုတ်ကုန်ရောင်းဝယ်မှု | |
| **အခြား** | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။       ။ စားကျက်မြေတိုးချဲ့နိုင်သည်။ မွေးမြူရေးအတွက် ရေလုံလောက်မှု ရှိသည်။ မျိုးကောင်းမျိုးသန့် မျိုးတိရိစ္ဆာန်များကို ဒေသအတွင်း ဆက်သွယ်ရရှိနိုင်သည်။ မွေးမြူရေးအတွက် လိုအပ်သော သွင်းအားစုများကို ဒေသတွင်း အလုံအလောက်ရရှိနိုင်သည်။ ဒေသတွင်းရောင်းချရန် ဈေးကွက်အလုံအလောက်ရှိသည်။**

**(၂.၂.၂.၃)       မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

ဇယား (၂၁) **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

| ပြဿနာနှင့်စိန်ခေါ်မှုများ | **ဖော်ပြချက်/ရှင်းလင်းချက်** |
|---|---|
| **မွေးမြူရေး** | |
| ချေးငွေရရှိနိုင်မှု | ရသည်။ |

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| ကူးစက်ရောဂါဖြစ်ပွားမှု | |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | လုံလောက်မှုမရှိပါ။ |
| စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု | |
| အခြား | |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | ရရှိသည်။ |
| ဈေးငွေရရှိနိုင်မှု | ရရှိသည်။ |
| အခြား | |

**ရင်းမြစ်** … (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊** (၂) **မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။ ။ မွေးမြူရေးတွင် မျိုးကောင်းမျိုးသန့်ရရှိရန် အခက်အခဲရှိသည်။ မွေးမြူရေး အတွက် ဈေးငွေမရရှိပါ။ ကျွဲ၊ နွား၊ ဝက်များကို ကာကွယ်ဆေးထိုးပေးသော်လည်း ထိရောက်မှုမရှိသဖြင့် ဆုံးရှုံးမှုများ ကြုံတွေ့ကြရသည်။ နည်းပညာအကူအညီလည်း လုံလောက်စွာ မရရှိခြင်း၊ ထိရောက်သော ကာကွယ်ကုသမှု မလုံလောက်ခြင်းတို့ကြောင့် ပျက်စီးဆုံးရှုံးမှုများသည်။**

### (၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

### (၂.၂.၃.၁)စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း | ၂ | ၁၀ | ၂ | နိမ့် |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး | ၁ | ၁ | ၁ | လတ် |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း | ၃ | ၁၅ | | လတ် |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | ၁ | ၁ | ၂ | နိမ့် |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | ၃ | ၆ | | လတ် |
| ၇ | လက်လီ–လက်ကားရောင်းဝယ်ရေး | ၁၀ | ၁၀ | ၂ | လတ် |
| ၈ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | ၁ | ၁ | ၃ | နိမ့် |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး | ၁ | ၂ | ၁ | နိမ့် |
| ၁၀ | ငွေချေး ဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် **ဘေးကင်းလုံခြုံရေး**) | ၂ | ၂၀ | ၂ | မြင့် |
| ၁၃ | ပညာရေး | | | | နိမ့် |
| ၁၄ | ကျန်းမာရေး | | | | နိမ့် |
| ၁၅ | လူမှုရေးလုပ်ငန်းများ | ၅ | ၃၀၀ | ၄ | မြင့် |
| ၁၆ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | |
| ၁၇ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် | | | | |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| | လုပ်ကိုင်သူများ (ဥပမာ – UN, INGOs, Companies. etc.,) | | | | |
| | **စုစုပေါင်းအသက်မွေးလုပ်ငန်း လုပ်ကိုင်သူဦးရေ** | ၂၆ | ၃၅၆ | ၁၅ | |

**ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အခြားဝင်ငွေရ လုပ်ငန်းများတွင် နေ့စားအလုပ်သမားအနေဖြင့် ဝင်ရောက်လုပ်ကိုင်သူ၁၀ဦးရှိသော်လည်း အရင်းအနှီးနှင့် နည်းပညာအားနည်းခြင်း၊ ဥပဒေအရ အကန့်အသတ်ရှိနေခြင်းကြောင့် တစ်ပိုင်တစ်နိုင်ကိုယ်ပိုင်လုပ်ငန်း ထူထောင်နိုင်ခြင်းမရှိ။ နေ့စားသွားရောက် လုပ်ကိုင်ကြရပြီး အလုပ်နှင့်ဝင်ငွေပုံမှန်မရှိခြင်းကြောင့် ရပ်တည်နိုင်မှု အသင့်အတင့်သာရှိသည်။ စက်ချုပ်၊ အလှပြင်၊ ဈေးဆိုင်နှင့် ဈေးရောင်းခြင်း၊ လက်ဖက်ရည်ဆိုင်ရောင်းခြင်းလုပ်ငန်းများမှာလည်း အရင်းအနှီးနှင့် ဈေးကွက်အားနည်းသောကြောင့် ရပ်တည်နိုင်မှု အသင့်အတင့်သာရှိသည်။ ဝန်ထမ်းအနည်းငယ်သာရှိပြီး လစာပုံမှန်ရရှိသောကြောင့် ၄င်းတို့၏ ရပ်တည်နိုင်မှုမှာလည်း အသင့်အတင့်ရှိသည်။ ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းနှင့် အသက်မွေးဝမ်းပညာကျွမ်းကျင်မှုလည်း နည်းပါသည်။ အရင်းအနှီးလည်း နည်းပါပြီး ချေးငွေလည်း လက်လှမ်းမမှီကြပါ။ အသက်မွေးဝမ်းပညာသင်တန်းများ တက်ရောက်ရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း ကုန်ကျစရိတ်နှင့် အရင်းအနှီးမတတ်နိုင်ကြပါ။**

**(၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ**

ဇယား (၂၃–က) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| ရွှေမှော်များရှိခြင်း | **ဈေးရောင်းဈေးဝယ် လွယ်ကူသည်။ (နိုင်ငံရေးကောင်းပါက)** |
| | |
| | |
| | |
| | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာနှင့် မိုင်၅၀ခန့်ဝေးကွာသည်။ ရွာ၏ အရှေ့ဘက်တောင်တန်းတွင်**

**စီးပွားရေးလုပ်ငန်းဖြစ်သော ရွှေတူးဖော်ရေးလုပ်ငန်းရှိပါသည်။ ကျေးရွာမှ အလုပ်လုပ်နိုင်သူများက သွားရောက်ဈေးရောင်းဈေးဝယ်၊ ကျပန်းပြုလုပ်ကြပါသည်။ ရွှေတူးဖော်သူ နည်းပါးကြောင်း တွေ့ရပါသည်။ အဓိကအားဖြင့် မိသားစု၏ စားဝတ်နေရေးဖြေရှင်းနည်းလမ်းသည် ဈေးရောင်းဈေးဝယ် လုပ်ငန်းဖြစ်ကြောင်း တွေ့ရှိရပါသည်။**

ဇယား(၂၃-ခ) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် **ပြဿနာနှင့် အခက်အခဲ**များ

| **ပြဿနာနှင့်အခက်အခဲများ** | **ဖော်ပြချက်/ ရှင်းလင်းချက်** |
|---|---|
| နိုင်ငံရေး မကောင်းခင်တွင် သွားလာရန် ခက်ခဲသည် | **ပုံမှန်လုပ်ငန်းမဟုတ်ခြင်း။** |
| | |
| | |
| | |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ လူများစုမှာ အလုပ်အကိုင်အခွင့်အလမ်းများ ရှားပါးခြင်းနှင့် လုပ်အားခနည်းခြင်းကြောင့် အလုပ်အကိုင်မရှိကြသေးပါ။ အလုပ်လုပ်နိုင်သော အရွယ်များ များစွာရှိသော်လည်း အသက်မွေးဝမ်းကျောင်း အတတ်ပညာကျွမ်းကျင်မှု အားနည်းနေကြသ်ည။ သင်တန်းများ တက်ရောက်နိုင်မည့် အခွင့်အလမ်းနှင့် အရင်းအနှီးမရှိပါ။ အပ်ချုပ်၊ အလှပြင်၊ ပန်းရံ၊ လက်သမား လုပ်ကိုင်သူများသည် ခေတ်မှီလုပ်ငန်းသုံးကိရိယာများ မရှိခြင်းနှင့် ကျွမ်းကျင်မှု အားနည်းနေသေးသည်။ ဒေသခံကျေးရွာဆင်းရဲသားများ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ကိုင်နိုင်ရန် သင့်တော်သော သင်တန်းများ ဖွင့်လှစ်ပေးနိုင်မည် ဆိုပါက ဒေသခံကျေးရွာဆင်းရဲသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ပါမည်။**

**(၂.၃) ရွှေ့ပြောင်းလုပ်သားများ**

**(၂.၃.၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ**

**ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ**

| # | ပုံစံ | အိမ်ထောင်စု အရေအတွက် | လူဦးရေ | | | ပြည်တွင်း | | | ပြည်ပ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | **ရွှေ့ပြောင်း**လုပ်သားတစ်ဦး အနည်းဆုံးရှိသော အိမ်ထောင်စု | – | – | – | **–** | – | – | **–** | – | – | **–** |
| ၂ | **ရွှေ့ပြောင်း**လုပ်ကိုင်သောကျေးရွာရှိလူဦးရေ | ၅၄ | ၁၀၉ | ၃၃ | **၁၄၂** | ၁၀၉ | ၃၃ | **၁၄၂** | – | – | **–** |
| ၃ | **ကျေးရွာပြင်ပသို့ ရွှေ့ပြောင်းမှုကာလ** | | | | | | | | | | |
| | ၃ လ အထိ | | – | – | **–** | – | – | **–** | – | – | **–** |

| # | ပုံစံ | အိမ်ထောင်စု အရေအတွက် | လူဦးရေ | | | ပြည်တွင်း | | | ပြည်ပ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| | ၆ လ အထိ | ၅၀ | ၁၀၁ | ၂၄ | **၁၂၄** | ၁၀၁ | ၂၄ | **၁၂၅** | - | - | **-** |
| | ၁၂ လ အထိ | ၄ | ၈ | ၉ | **၁၇** | ၈ | ၉ | **၁၇** | - | - | **-** |
| | ၁၂ လ အထက် | - | - | - | **-** | - | - | **-** | - | - | **-** |

**ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အလုပ်အကိုင်ရှားပါးခြင်းနှင့် လုပ်အားခနည်းခြင်းကြောင့် အခြားဒေသသို့ ရွှေ့ပြောင်းသွားရောက် အလုပ်လုပ်ကြရသည်။ အမျိုးသားရွှေ့ပြောင်းလုပ်သား အရေအတွက်မှာလည်း အမျိုးသမီးပြောင်းရွှေ့လုပ်သား ဦးရေထက်ပိုများသည်ကို တွေ့ရသည်။**

## (၂.၃.၂) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) **ရွှေ့ပြောင်းသွားလာ**ရခြင်း၏ အဓိက အကြောင်းရင်း

| စဉ် | အကြောင်းအရာ | လူဦးရေ |
|---|---|---|
| ၁ | ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန် | ၁၄၂ |
| ၂ | နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း | - |
| ၃ | ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း | - |
| ၄ | အခြား | - |

**ရင်းမြစ် ... အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။ ။ ရွှေ့ပြောင်းသွားလာသူအားလုံးသည် မိမိတို့ ကျေးရွာတွင် အလုပ်အကိုင်ရှားပါးခြင်းနှင့် လုပ်အားခနည်းခြင်းကြောင့် ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေရရှိရန် ရှာဖွေရန်ဖြစ်ပါသည်။**

## (၂.၃.၃) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

| စဉ် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် | | | | |
|---|---|---|---|---|---|---|
| | | စုစုပေါင်း | % ကျေးရွာအတွင်းရှိ စုစုပေါင်း အိမ်ထောင်စု | မြင့် | လတ် | နိမ့် |
| ၁ | ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက် | ၁၄၂ | ၃၀% | - | လတ် | - |
| ၂ | ပြန်ပို့ငွေ လမ်းကြောင်းများ | | | | | |
| | - ငွေလွှဲလုပ်ငန်း (ဟွန်ဒီ) | - | - | - | - | - |
| | - ဘဏ် | - | - | - | - | - |
| | - လူကြုံဖြင့်လွှဲပို့ခြင်း | - | - | - | - | - |

| စဉ် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် | | | | |
|---|---|---|---|---|---|---|
| | | စုစုပေါင်း | % ကျေးရွာအတွင်းရှိ စုစုပေါင်းအိမ်ထောင်စု | မြင့် | လတ် | နိမ့် |
| | - ငွေလွှဲလုပ်ငန်းနှင့် ဘဏ် | - | - | - | - | - |
| | - ငွေလွှဲလုပ်ငန်း၊ ဘဏ်နှင့်လူကြုံဖြင့်လွှဲပို့ခြင်း | - | - | - | - | - |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်သော အိမ်ထောင်စုအားလုံး၁၄၂အိမ်ထောင်စု ၃၀%သည် ပြန်ပို့ငွေအပေါ် မှီခိုနေရပြီး မှီခိုနေရမှု မြင့်သည်။**

## (၂.၄) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

**ဇယား** (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| **ရွာမှအကွာအဝေး(မိုင်)** | ရွာအတွင်း | မိုင်းနောင်သို့၂မိုင်ဖြာလုံ |
| **သယ်ယူပို့ဆောင်ရေး လမ်းကြောင်းနှင့် ၎င်း၏ အထောက်အပံ့များ** | ကိုယ်ပိုင် ဆိုင်ကယ်၊ ခြေလျင် | ကိုယ်ပိုင်ဆိုင်ကယ်၊ တက္ကစီဆိုင် ကယ်၊ နွားလှည်း |
| **ကုန်စည်အမျိုးအစားနှင့် ဝန်ဆောင်မှုပေးနိုင်မှု** | ကုန်စိမ်းနှင့် အသားငါး | လူသုံးကုန် ပစ္စည်းမျိုးစုံ |
| **ဈေးအခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှု** | သက်ကယ်မိုး၊ အကာမရှိ၊ သစ်သားခင်း | သွပ်မိုး၊ အကာရှိ၊ ဆိုင်ခန်း |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များအတွက် ကျေးရွာအတွင်းနှင့် ပတ်ဝန်းကျင် ကျေးရွာများတွင် ဈေးကွက်အလုံအလောက်ရှိသည်။ ကုန်စိမ်းနှင့် သားငါးကို ကျေးရွာဈေးကွက်တွင် အလွယ်တကူ ဝယ်ယူရရှိနိုင်ပြီး၊ အခြားလူသုံးကုန်ပစ္စည်းများကို မိုင်းနောင်ကျေးရွာဈေးသို့၊ ကိုယ်ပိုင်ဆိုင်ကယ်၊ ဆိုင်ကယ်တက္ကစီစသည့်တို့ဖြင့် ရာသီမရွေး သွားရောက်ဝယ်ယူကြရသည်။ ပုံမှန်ပြေးဆွဲသည် အများသုံးမော်တော်ယာဉ်များ မရှိပါ။**

## (၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲများ |
|---|---|---|---|---|---|
| အစိုးရဘဏ် (စိုက်ပျိုးရေး | ချေးငွေ | ၆လ | ၁.၅% | | အဖွဲ့ဝင် ၁၀၅ဦးခန့်သာ ငွေချေးနိုင်သည်။ |

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲများ |
|---|---|---|---|---|---|
| ဘဏ်၊ သ မချေးငွေ) | | | | | |
| ပုဂ္ဂလိကဘဏ် | | | | | |
| ပုဂ္ဂလိက အသေးစား ချေးငွေဝန် ဆောင်မှုကဏ္ဍ | | | | | |
| အဖွဲ့အလိုက်ငွေစု /ငွေချေးအစီအစဉ် | ချေးငွေ | (၁)နှစ် | ၀.၅% | - | ကျေးလက်ဦးစီးဌာနမှချထားပေးသောမတည်ရန်ပုံငွေစီမံကိန်းမှချေးငွေရရှိပါသည်။ |
| ငွေချေးပေးသူ | | | | | |
| အပေါင်ဆိုင် | | | | | |
| မိတ်ဆွေနှင့်ဆွေမျိုးများ | ချေးငွေ | ၁လ | ၂၀% | မလို | ဆင်းရဲသောကြောင့် ယုံကြည်မှု အားနည်း၊ လူတိုင်းမရနိုင်၊ အလုံအလောက်မရ။ |
| အခြား | | | | | |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေးဝန်ဆောင်မှု ပေးသောအဖွဲ့များ။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အစိုးရဈေးစနစ်နှင့် ပတ်သက်၍ စိုက်ပျိုးရေးဘဏ်ရှိသည်။ စိုက်ပျိုးရေးဘဏ်ချေးငွေသည် ပုံစံ၇ရှိသော လယ်မြေဧကလျှင်၁၀၀၀၀ကျပ်နှုန်းဖြင့် တောင်သူ၁ဦးလျှင် အများဆုံး၁၀ဧကအထိသာ မိုးသီးနှံနှင့် ဆောင်းသီးနှံအတွက် ၂ကြိမ်ချေးယူခွင့်ရှိသည်။ ချေးငွေရရှိပြီး ချေးငွေကာလမှာ မိုးသီးနှံအတွက် ၈လဆောင်းသီးနှံအတွက် ၆လဖြစ်သည်။ အတိုးနှုန်းမှာ ၀.၈၅% ဖြစ်သည်။ ကျေးရွာအတွင်း ငွေတိုးချေးသူထံမှ ချေးငှားရာတွင် ယာမြေအပေါင်ထားပြီး အတိုးနှုန်းမှာ ၁၀–၂၀%ဖြစ်သည့်အပြင် သီးနှံပေါ်ချိန်အမြန်ပြန်လည်ပေးဆပ်ရသောကြောင့် ဆင်းရဲသားများအတွက် ငွေချေးရာတွင် များစွာအခက်အခဲရှိသည်။**

**(၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝ ရင်းမြစ်များ စီမံခန့်ခွဲမှု**

**(၂.၆.၁) ပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ**

**ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိ အလေ့အကျင့်နှင့်**

**အခက်အခဲများ**

| အခက်အခဲ | အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| **မြေဆီသြဇာ အခြေအနေ** | **မြင့်** | **ဓါတ်မြေသြဇာအလွန်အကျွံသုံးစွဲခြင်း** |
| **အပင်မျိုးစိတ်များ** | မြင့် | **သစ်တောမီးရှူခြင်း** |
| **ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှု** | မြင့် | **နည်းပညာနည်းပါးခြင်း** |
| **ရေရင်းမြစ်** | လတ် | **ရွှေတူးဖော်မှုများ များလာခြင်း** |
| **ငါးမျိုးကွဲများ** | **မြင့်** | **စည်းကမ်းမဲ့ငါးဖမ်းခြင်း** |
| **အခြားတိရစ္ဆာန်မျိုးကွဲများ** | **မြင့်** | **မုဆိုးများများလာခြင်း** |
| **စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု** | **မြင့်** | **ချောင်းမြောင်းများတွင်စွန့်ပစ်ခြင်း** |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဓာတ်မြေသြဇာများ အလွန်အကျွံသုံးစွဲခြင်းနှင့် စိုက်နည်းစနစ်များယွင်းမှုကြောင့်လည်း မြေဆီသြဇာ အန္တရာယ်ရှိ လတ်ပါသည်။ တောင်သူများအနေဖြင့်ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓာတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလစတတ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် အန္တရာယ်ရှိမှု လတ်သည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများမြင့်တင် ဆောင်ရွက်ပေးသင့်သည်။ အပင်မျိုးတိရိစ္ဆာန်မျိုးကွဲများအနေဖြင့်လည်း ထိန်းသိမ်းမှု အားနည်းပြီး ထုတ်ယူသုံးစွဲမှု၊ ဖမ်းဆီးသတ်ဖြတ်မှုများသောကြောင့် တဖြည်းဖြည်းရှားပါးလည၍သည်။**

## (၂.၇) ပညာရေး

### (၂.၇.၁) ပညာရေးနှင့် စာတတ်မြောက်မှု

**ဇယား** (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

| **အတန်းပညာပြီးမြောက်မှု** | **ကျား** | **မ** | **ပေါင်း** | **၉ နှစ်နှင့်အထက် လူဦးရေ၏%** |
|---|---|---|---|---|
| စာမတတ်သူဦးရေ | ၁၉ | ၂၉ | **၄၈** | ၂.၈% |
| ဘုန်းကြီးကျောင်းသင်ပညာရေး | ၅၅ | ၃၂ | **၈၇** | ၅.၂% |
| မူလတန်းပညာရေး မပြီးဆုံးသူဦးရေ | ၁၆၄ | ၁၈၀ | **၃၄၄** | ၂၀.၇% |
| မူလတန်းပညာရေး ပြီးဆုံးသူဦးရေ | ၃၃၅ | ၃၃၈ | **၆၇၃** | ၄၀.၆% |
| အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၁၇၁ | ၁၇၂ | **၃၄၃** | ၂၀.၆% |
| အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၃၆ | ၆၉ | **၁၀၅** | ၆.၃% |
| တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ | ၁၅ | ၄၂ | **၅၇** | ၃.၄% |
| **၉ နှစ်နှင့်အထက် လူဦးရေပေါင်း** | **၇၉၇** | **၈၆၁** | **၁၆၅၈** | **၁၀၀%** |

**ရင်းမြစ် …အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ ပညာရေးနှင့် စာတတ်မြောက်မှုကို လေ့လာကြည့်ရာတွင် စာမတတ်သူ**

**၄၈ဦး ၂.၈%နှင့် မူလတန်းပညာမပြီးဆုံးသူ ၃၄၄ဦး ၂၀.၇% စုစုပေါင်း ၂၃.၅%သည် အခြေခံပညာ အရေး၊ အဖတ်၊ အတွက်ကို တက်မြောက်မှုမရှိဘဲ အများစုမှာ အမျိုးသမီးများ ၃၉၂ဦး ၅၃%ရှိသည်ကို တွေ့ရသည်။ မူလတန်းပညာရေးပြီးဆုံးသူဦးရေ၊ အလယ်တန်းပညာရေးပြီးဆုံးသူဦးရေမှာ အမျိုးသားနှင့် အမျိုးသမီးတန်းတူ နီးပါးတွေ့ရပါသည်။ အထက်တန်းပညာရေးပြီးဆုံးသူဦးရေ၊ တက္ကသိုလ်ပညာပြီးဆုံးသူဦးရေကို လေ့လာရာတွင် အမျိုးသမီးများက အမျိုးသားများထက် ထက်ဝက်ခန့်များနေသည်ကိုလည်း တွေ့ရပါသည်။ အမျိုးသားများမှာ မိသားစုဝင်ငွေအတွက် ကွင်းဆင်းလုပ်ကိုင်ကြရသောကြောင့် ပညာရေးပြီးဆုံးအောင် မသင်နိုင်ကြပါ။**

## (၂.၇.၂) ကျောင်းတက်နှုန်း

**ဇယား** (၃၁) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း | စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏ |
|---|---|---|---|---|
| မူလတန်း(၅-၉နှစ်) | ၁၀၁ | ၉၄ | **၁၉၅** | ၃၀.၈% |
| အလယ်တန်း (၁၀-၁၄နှစ်) | ၁၄၃ | ၁၃၀ | **၂၇၃** | ၄၃.၁% |
| အထက်တန်း (၁၅-၁၆ နှစ်ကြား) | ၃၀ | ၃၄ | **၆၄** | ၁၀.၁% |
| တက္ကသိုလ် ကျောင်းသား၊ သူ | ၄၀ | ၆၀ | **၁၀၀** | ၁၅.၈% |

**ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မူလတန်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းရှိပြီး မူလတန်း ကျောင်းအရွယ် စုစုပေါင်း၂၅၇ဦးရှိသော်လည်း လက်ရှိရွာ စာသင်ကျောင်းတွင် ၂၅၇ဦး ၄၆.၁%အထိရှိကြောင်း တွေ့ရသည်။ ဤသို့ ကျောင်းသားအရေအတွက်များနေရခြင်းမှာ KGတန်းကိုလားခြင်းကြောင့်ဖြစ်သည်။ အလယ် တန်းကျောင်းနေအရွယ်၂၃၆ဦးရှိသည်။ အထက်တန်းကျောင်းသားဦးရေ ၆၄ရှိပြီး တက္ကသိုလ်ကျောင်းသား/ သူ ၁၀၀ဦးရေရှိပါသည်။**

## (၂.၇.၃) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| **အကြောင်းအရာ** | **မူလတန်းကျောင်း** | | | | | |
|---|---|---|---|---|---|---|
| ရွာမှအကွာအဝေး(မိုင်) | ကျေးရွာတွင်း | | | | | |
| သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျှင်၊ဆိုင်ကယ်၊စက်ဘီး | | | | | |
| စာသင်ကျောင်းအရွယ်အစား (အလျား၊ အနံ၊အမြင့်) | (၂၁၂' x ၃၀' x ၂၂') | | | | | |
| အမိုး၊နံရံ၊အခင်း အရည်အသွေး | သွပ်မိုး၊တမံတလင်း၊ပျဉ်ကာ | | | | | |
| ကျောင်းသုံးပရိဘောဂ(လုံလောက်မှုရှိ/မရှိ) နှင့် ကျောင်းအိမ်သာ အခြေအနေ | ကျောင်းအိမ်သာလုံလောက်မှု ရှိခြင်း | | | | | |
| ကျောင်းအာဟာရတိုက်ကျွေးမှု (အာဟာရအမျိုးအစားနှင့် ကြိမ်ရေ) | (၁)လ (၁)ကြိမ် ဆန်ပြုတ်တိုက်ခြင်း | | | | | |
| ကျောင်းဆရာဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |

| အကြောင်းအရာ | မူလတန်းကျောင်း | | | | | |
|---|---|---|---|---|---|---|
| အစိုးရခန့် | - | - | - | ၃ | ၁၉ | ၂၂ |
| ကျေးရွာခန့် | - | - | - | - | - | - |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။**

**လေ့လာတွေ့ရှိချက်။ ။ လက်ရှိကျေးရွာတွင် အလျား၂၁၂ပေ၊ အနံ၃၀ပေ၊ အမြင့်၂၂ပေ အရွယ်ရှိသော အထက်တန်းကျောင်းခွဲအဆောင် ၁ဆောင်ရှိပါသည်။ အမျိုးအစားမှာ ၂ထပ်ဆောင်ဖြစ်ပြီး သွပ်မိုး၊ အုပ်ခင်း၊ အုတ်နံရံကာထားပါသည်။ ကျောင်းတွင်းပရိဘောဂမှာ လုံလောက်မှုရှိသော်လည်း ခန်းမဆောင်နှင့် သိပ္ပံခန်းများ မရှိပါ။ ကျောင်းအိမ်သာမှာ ယင်လုံအိမ်သာဖြစ်သည်။ သင်ထောက်ကူပစ္စည်းနှင့် ကျောင်းဆောင်လုံလောက်မှု မရှိပါ။ ကျောင်းဆရာအရေအတွက်မှာ အစိုးရခန့်ဆရာ၆ဦး၊ ဆရာမ၁၉ဦး စုစုပေါင်း၂၅ဦးရှိပါသည်။ ကျောင်းသား ဦးရေနှင့် ဆရာ/မလုံလောက်မှု မရှိသေးပါ။ ကျောင်းအဟာရတိုက်ကျွေးမှုမှာ တစ်နှစ်ပတ်လုံး ၁၀ကြိမ်ရှိပြီး၊ ကျောင်းကျန်းမာရေးနှင့် ညီညွတ်သောကြက်သားဆန်ပြုတ်၊ ကြာဆံချက်များ ကျွေးမွေးပါသည်။ ပညာပေးဟော ပြောပွဲများလည်း ပြုလုပ်ပါသည်။**

## (၂.၇.၄) ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား (၃၃) **ပညာရေး** အခက်အခဲနှင့် ပြဿနာများ

| **အခက်အခဲ/ ပြဿနာ** | **ရှင်းလင်းချက်** |
|---|---|
| ကျောင်းဆရာ/မ ရရှိနိုင်မှု | ၂၂ဦး၊ ကျား၃ဦး၊ မ၁၉ဦး |
| တပည့် – ဆရာ အချိုး | |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | နည်းသည်။ အလယ်တန်းအဆင့်တွင် ကျောင်းထွက်နှုန်းများသည်။ |
| မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ် | မရှိသေးပါ။ |
| ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ | လုံလောက်မှုရှိသည်။ |
| **ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု** | ထောက်ပံ့မှုမရှိသည်။ |
| **ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှု** | အားကစားပစ္စည်း စုံလင်စွာမရှိ၊ အားနည်းသည်။ |
| **မိဘဆရာအသင်း၏အခန်းကဏ္ဍ** | စိတ်ဝင်စားမှုရှိပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြသည်။ |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။**

**လေ့လာတွေ့ရှိချက်။ ။ တပည့်/ ဆရာအချိုးမှာ မူလတန်းတွင် ဖြစ်သောကြောင့် ဆရာလုံလောက်မှု ပါသည်။ မူလတန်းပညာအဆင့်ကျောင်းထွက်နှုန်းနည်းသည်။ အလယ်တန်းပညာသင်ယူပြီး ကျောင်းထွက်သူဦးရေသည်လည်း အသင့်အတင့်ရှိနေပါသည်။ ဆင်းရဲသော မိသားစုအတွက် ထောက်ပံ့ကူညီမှု မရှိသောကြောင့် လိုအပ်ချက်တစ်ရပ် ဖြစ်နေပါသည်။ ကျောင်းတွင် အားကစားကွင်းမှာ ကျဉ်း၍ အားကစားပစ္စည်းများလည်း စုံလင်စွာ မရှိကြပါ။ မိဘဆရာအသင်း၏ စိတ်ဝင်စားမှုသည်လည်း တက်ကြွစွာလှုပ်ရှားကြပါသည်။**

## (၂.၈) ကျန်းမာရေးနှင့်အာဟာရ

## (၂.၈.၁) အဖြစ်များသောရောဂါများ

ဇယား (၃၄) **အဖြစ်များသော** ရောဂါများ

| # | *ရောဂါ* | *ပျံ့နှံ့မှု/ဖြစ်ပွားမှု* | | | *မှတ်ချက် / သုံးသပ်ချက်* |
|---|---|---|---|---|---|
| | | *မြင့်* | *နိမ့်* | *မရှိ* | |
| *၁* | ဝမ်းပျက်ဝမ်းလျှော | | √ | | ***မိုးတွင်းကာလတွင်ဖြစ်ပွားခြင်း*** |
| *၂* | သွေးလွန်တုပ်ကွေး | | | √ | |
| *၃* | ငှက်ဖျား | | | √ | |
| *၄* | အသက်ရှုလမ်းကြောင်း ကူးစက်ရောဂါ | | √ | | |
| *၅* | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | | √ | | ***မူးယစ်ဆေးဝါးသုံးစွဲမှု များမှကူးစက်ခြင်း*** |
| *၆* | တီဘီ | | √ | | |
| *၇* | ဆီးချို | | | | |
| *၈* | သွေးတိုး | | √ | | |
| *၉* | အသည်းရောဂါ ( ဘီ၊ စီ) | | | | |
| *၁၀* | အာဟာရချို့တဲ့မှု | | √ | | |
| *၁၁* | အခြား ကူးစက်နိုင်သော ရောဂါများ | | | | |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အဟာရပြည့်ဝမှုရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ ကျေးရွာတွင် ဆီးချိုနှင့် သွေးတိုးရောဂါသည်သာ ဖြစ်ကြပါသည်။ ၄င်းရောဂါတို့သည် ဓာတုဆေးဝါးအလွန်အကျွံ သုံးစွဲထားသော အစားအစာများကို နေ့စဉ်မလွဲမရှောင် စားသုံးနေရခြင်း၊ သဘာဝမဟုတ်သော ကြီးထွားမြန်အသားငါးများကို နေ့စဉ်ဝယ်ယူစား သုံးနေရခြင်း၊ ဈေးကွက်အတွင်း ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ အသီးမှည့်ဆေးများ သုံးစွဲထားသော သစ်သီးဝလံများကို ရောင်းချနေခြင်း၊ ဝယ်ယူစားသုံးခြင်း၊ ဟင်းချို့မှုန့်၊ ကြက်သားမှုန့်များ သုံးစွဲခြင်း၊ ဆင်းရဲသားများ ကျန်းမာရေးဗဟုသုတနည်းခြင်း၊ ကျန်းမာရေး လေ့ကျင့်ခန့်လုပ်သည် အလေ့အထမရှိခြင်းတို့ကြောင့် ဖြစ်သည်။ တီဘီ၊ အသည်းရောဂါ၊ (ဘီ+စီ)ဖြစ်မှုနိမ့်သည်။ ကျန်ရှိသော ရောဂါများလည်း နိမ့်သည်။**

## (၂.၈.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

**ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု**

| *စဉ်* | **ကာကွယ်ဆေးထိုးခြင်း၊ အာဟာရ** | *ရှိ* | *မရှိ* | *မှတ်ချက် / သုံးသပ်ချက်* |
|---|---|---|---|---|

| စဉ် | **ကာကွယ်ဆေးထိုးခြင်း၊ အာဟာရ** | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၁ | အဆုတ်ရောဂါ | √ | | *ကလေးငယ်များအားထိုးနှံခြင်း* |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | √ | | *ကလေးငယ်များအားထိုးနှံခြင်း၊ (၆)လ(၁)ကြိမ် ထိုးနှံခြင်း* |
| ၃ | ပိုလီယိုရောဂါ | √ | | *ကလေးငယ်များအားတိုက်ကျွေးခြင်း* |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | √ | | *ကိုယ်ဝန်ဆောင်များအား (၃)လ(၁)ကြိမ် ထိုးနှံ ခြင်း* |
| ၅ | ဝက်သက်ရောဂါ | √ | | *ကလေးငယ်များအားထိုးနှံခြင်း* |
| ၆ | အခြား စုပေါင်း**ကာကွယ်ဆေးထိုးနှံမှု** | √ | | *ကလေးငယ်များအားထိုးနှံခြင်း* |
| ၇ | အာဟာရမှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | √ | | *ကျေးလက်ကျန်းမာရေးဌာနများတွင်း (၃)လ(၁) ကြိမ်ဆောင်ရွက်ပေးခြင်း* |
| ၈ | အာဟာရပညာပေးအစီအစဉ် | √ | | *ကျေးလက်ကျန်းမာရေးမှဆောင်ရွက်ပေးခြင်း* |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကာကွယ်ဆေးများကို အကြိမ်အရေအတွက် ပြည့်ဝစွာနှင့် ထိုးနှံ ပေးပါသည်။ ကျန်းမာရေး၊ ပညာရေးဟောပြောပွဲများလည်း ပြုလုပ်ခြင်း၊ ဖုံး၊ သွန်၊ စစ်လဲ၊ ကွင်းဆင်း ခြင်း၊ ရေကန်များတွင် ဆေးတုပ်ငယ်များ ထည့်ပေးခြင်း၊ အဟာရမှုန့်၊ မျက်စိအားတိုးဆေး၊ သံချဆေး များ တိုက်ကျွေးခြင်းများ ပြုလုပ်ကြပါသည်။ သို့သော် ကျန်းမာရေးဌာနမှ အဟာရပညာပေးဝန်ဆောင် မှု မရကြပါ။**

## (၂.၈.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| **ကျန်းမာရေး ဝန်ဆောင်မှု** | **ခရီး အကွာ အဝေး (မိုင်)** | **အခန်း/ ကုတင် (လုံလောက်မှုရှိ /မရှိ)** | **ကျန်းမာရေး ဝန်ထမ်းဦးရေ** | **ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု)** | **မှတ်ချက်** |
|---|---|---|---|---|---|
| ကျေးလက် ကျန်းမာရေး ဌာန | ရွာတွင်း | ရှိ | ကျန်းမာရေးမှူး– သားဖွားဆရာမ – အရံသားဖွားဆရာမ– ကြီးကြပ် (၁) – ကြီးကြပ် (၂) – | မလုံလောက်မှု | |

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာ အဝေး (မိုင်) | အခန်း/ ကုတင် (လုံလောက် မှုရှိ /မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု) | မှတ်ချက် |
|---|---|---|---|---|---|
| | | | တိုင်းရင်းဆေးကု-<br>အရပ်လက်သည်- | | |
| တိုက်နယ် ဆေးရုံ | ၂မိုင် | ရှိ | ဆရာဝန် -<br>လ/ထ -<br>ကျန်းမာရေးမှူး-<br>သူနာပြု -<br>သားဖွားဆရာမ -<br>အရံသားဖွားဆရာမ-<br>ဓာတ်ခွဲကျွမ်းကျင်- | မလုံလောက်မှု | |
| မြို့နယ် ဆေးရုံ | ၂၀မိုင် | ရှိ | ဆရာဝန် -<br>လ/ထ -<br>ကျန်းမာရေးမှူး-<br>သူနာပြု -<br>သားဖွားဆရာမ -<br>အရံသားဖွားဆရာမ-<br>ဓာတ်ခွဲကျွမ်းကျင်- | မလုံလောက်မှု | |
| ဆေးဆိုင် | ကျေးရွာတွ င်း | | ဆေးဝါးကျွမ်းကျင် သူ- | လက်လှမ်းမှီမှု--<br>ဆေးဝါး--<br>သိုလှောင်ပုံစနစ်--<br>အအေးခန်းစနစ်--မရှိ | |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိပြီး သားဖွားဆရာမ၁ဦးသာရှိသည်။ ကျန်းမာရေး စောင့်ရှောက်မှု၊ နည်းပညာဝန်ဆောင်မှုနှင့် ကျန်းမာရေးပညာပေးများ ရှိသော်လည်း နည်းပါသည်။ အခြေခံကျန်းမာရေး စောင့်ရှောက်မှု၊ အရံသားဖွားသင်တန်းများ ပေးရန်လိုအပ်ပါသည်။ ကျေးရွာတွင်းတွင် ကျန်းမာရေး အသုံးအဆောင်နှင့် ဆေးဝါးရောင်းဆိုင်ရှိသော်လည်း ပြည့်စုံမှု မရှိပါ။ တိုက်နယ်ဆေးရုံမှာ အင်းတော်ကြီးမြို့တွင်ရှိပြီး ၂မိုင်ခန့်ကွာဝေးပါသည်။ ဆေးရုံတွင် ဆေးဝါးများနှင့် ကျန်းမာရေးဝန်ဆောင်မှု လုံလောက်စွာမရှိပါ။ အရေးကြီး အရေးပေါ်လူနာများကို မြို့နယ်ဆေးရုံ၂၀မိုင် ခန့်ကို လူမှုကူညီရေးကားများဖြင့် ပို့ဆောင်ပေးကြပါသည်။ တိုက်နယ်ဆေးရုံများတွင် လိုအပ်သော ဆေးဝါးများနှင့်**

**ကျန်းမာရေးဝန်ဆောင်မှုများ ပြည့်စုံစွာရရှိရေးအတွက် သက်ဆိုင်ရာဌာနများမှ ကူညီ ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။**

### (၂.၉) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၂.၉.၁) သောက်သုံးရေရရှိမှု

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အရေအတွက် | အကောင်း/အဆိုး | လက်ရှိ/လုံလောက်မှု | | | အခြား |
|---|---|---|---|---|---|---|
| | | | နွေ | မိုး | ဆောင်း | |
| ရေတွင်း | ၁၀၉ | ကောင်း | √ | √ | √ | |
| အဝီစိတွင်း (စက်တပ်) | - | - | - | - | - | |
| အဝီစိတွင်း/တုံကင် | ၂၀ | ကောင်း | √ | √ | √ | |
| ကန် | - | - | - | - | - | |
| မြစ်/ချောင်း | - | - | - | - | - | |
| မိုးရေသိုလှောင်ကန် | - | - | - | - | - | |
| စိမ့်စမ်းရေသွယ်တန်းခြင်း | - | - | - | - | - | |
| အခြား | - | - | - | - | - | |

**ရင်းမြစ်...** (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊** (၃) **ကျေးရွာသယံဇာတပြမြေပုံ။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သောက်ရေတွင်း၁၀၉တွင်းသာရှိသော်လည်း မိုးတွင်းအချိန်အခါသာ ရေရရှိမှု လုံလောက်မှုရှိပြီး နွေအခါတွင် သောက်သုံးရေရရှိမှု ခက်ခဲပါသည်။ ကုန်းအမြင့်၌ တည်ထားသောရွာဖြစ်၍ ရေတွင်းတူးခြင်းခက်ခဲကား မြေနိမ့်ပိုင်းတွင်းများကိုသာ အားထားကြရပါသည်။ ရေကန်တည်၍ ရေဖြန့်ဝေခြင်း၊ ရွာကန်းရှည်ဖြစ်၍ ပိုက်လိုင်းများ သွယ်တန်း၍ အသုံးပြုရန်လိုအပ်ပါသည်။ သောက်သုံးရေ ခက်ခဲမှုပြဿနာကို ဖြေရှင်းရန်အတွက် ငွေကြေးရင်းနှီးမှုနှင့် နည်းပညာများ လိုအပ်ပါသည်။**

### (၂.၉.၂)သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၃၈) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သောအိမ်သာအမျိုးအစား | သုံးစွဲနိုင်သောအိမ်ထောင်စု | ရှင်းလင်းချက် |
|---|---|---|
| ယင်လုံအိမ်သာ | ၃၅၅ | ကျန်းမာရေး ဗဟုသုတ အနည်းငယ်ရှိသည်။ |
| ကျင်းအိမ်သာ | ၁၄ | |
| မြေပေါ် အိမ်သာ | ၃ | |
| တောထိုင် | ၃ | ဗဟုသုတ နည်းပါးခြင်းကြောင့် ဖြစ်သည်။ |
| **စုစုပေါင်း** | **၃၇၅** | |

**ရင်းမြစ်...** (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊** (၃) **ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အိမ်ထောင်စု၃၇၅အိမ်ရှိသော်လည်း ယင်လုံအိမ်သာ၃၅၅လုံးရှိပါ

သည်။ သန့်ရှင်းမှုလည်းရှိပါသည်။ ကျန်ရှိအိမ်များမှာ ကျန်းမာရေးဗဟိုသုတနည်းပါးခြင်းတို့ကြောင့်သာဖြစ် သည်။ ယင်လုံအိမ်သာနှင့် ကျန်းမာရေး ဆက်နွယ်မှုဗဟုသုတများ၊ ပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်ပါသည်။

## (၂.၁၀) ကျား-မ ကိစ္စရပ်ဆိုင်ရာ

ဇယား (၃၉) ကျား-မ ကိစ္စရပ်ဆိုင်ရာ

| # | *ကျား-မ ကိစ္စရပ်ဆိုင်ရာ* | *ရှိ* | *မရှိ* | *မှတ်ချက် / သုံးသပ်ချက်* |
|---|---|---|---|---|
| ၁ | ကျေးရွာ စီမံခန့်ခွဲမှုစနစ်တွင် အမျိုးသမီး တက်ကြွစွာ ပါဝင်မှု/ ခေါင်းဆောင်မှု | √ | | ***ပူးပေါင်းဆောင်ရွက်သည်။*** |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | √ | | ***ပူးပေါင်းဆောင်ရွက်သည်။*** |
| ၃ | **လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ** | | √ | *မရှိပါ* |
| ၄ | **အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု** | √ | | *ပညာပေး ဟောပြောပွဲများ ပြုလုပ်ပေး ၍ အသိအမြင် ရှိကြပါသည်။* |
| ၅ | အခြား (ရှိလျှင်) | | | |

**ရင်းမြစ်… (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်းတွင် ကျေးရွာစီမံခန့်ခွဲမှုစနစ်များ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပရဟိတလုပ်ငန်းများတွင် အမျိုးသမီးများသည် တက်ကြွစွာပါဝင်လှုပ်ရှား၍ ခေါင်းဆောင်မှုများလည်း ရှိပါသည်။ သံသယဖြစ်ဖွယ် အကြမ်းဖက်မှုများ တိုင်ကြားမှုများ မရှိပါ။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှု ဆိုင်ရာများအတွက် လူထု၏အသိအမြင့် ကြွယ်ဝစွာရရှိရန် အတွက် ဆိုင်ရာဌာနများမှ ပညာပေးဟောပြောပွဲများ၊ အသိအမြင်ဖွင့် ဆွေးနွေးပွဲများ ပြုလုပ်ပေးပါသည်။**

## (၂.၁၁) အခြေခံ အဆောက်အဦများ အခြေအနေ

### (၂.၁၁.၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား (၁/၂/၃) | ကောင်း /ဆိုး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး | |
| **ရွာတွင်းလမ်း** | **၁** | **ဆိုး** | **၂၀၁၉** | | √ | **၁မိုင်** |

| လမ်း အမျိုးအစား | အမျိုးအစား (၁/၂/၃) | ကောင်း/ဆိုး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး | |
| ချဉ်းကပ်လမ်း | | | | | | |
| ရွာချင်းဆက်လမ်း | ၃ | ကောင်း | ၂၀၁၆ | | √ | ၂မိုင်ဖြေလုံ |
| အခြား | | | | | | |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ မြေသားလမ်း – ၁၊ ကျောက်ခင်းလမ်း – ၂၊ ကတ္တရာလမ်း/ကွန်ကရစ်လမ်း – ၃

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းရှိလမ်းမှာ မြေသားလမ်းဖြစ်၍ တစ်နှစ်ပတ်လုံးအသုံးပြုနိုင်သော်လည်း အနည်းငယ်ဆိုးပါသည်။ ကျေးရွာချင်းဆက်လမ်းမှာ ၂၀၁၆ခုနှစ်တွင် ကတ္တရာလမ်းခင်းပြီး၍ ကောင်းမွန်စွာအသုံးပြုရပါသည်။ ရွာတွင်းလမ်းအရှည်မှာ ၁မိုင်ရှည်လျား၍ တောင်ကုန်းပေါ်တွင် ဖောက်လုပ်ထားသောကြောင့် ကျောက်ခဲနှင့် မြေသားများရောနှောထားသောကြောင့် သွားလာရန်ခက်ခဲပါသည်။ နွေရာသီနှင့် ဆောင်းရာသီတွင် သွားလာရလွယ်ကူသော်လည်း မိုးရာသီတွင် ရေစီးကြောင်းတိုက်စားမှုကြောင့် ပျက်စီးမှုရှိသည်။ နှစ်စဉ်မိုးရာသီမရောက်မီစပ်ကြား ရောက်ပြီးကာလတွင် လူအင်အားဖြင့် ပြုပြင်သော်လည်း ရာသီဥတုဒဏ်ကြောင့် လမ်းကောင်းတစ်ခုဖြစ်သည်။**

## (၂.၁၁.၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

| တံတား အမျိုးအစား | အရွယ်အစား | ကောင်း/ဆိုး | တည်ဆောက်ခဲ့သောနှစ် | အသုံးပြုနိုင်သည့်ရာသီ | |
|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး |
| ဆိပ်ခံတံတား | – | – | – | – | – |
| ကွန်ကရစ်တံတား | သေး | ကောင်း | ၂၀၁၇ | – | √ |
| ကြိုးတံတား | – | – | – | – | – |
| ရေပြွန် | သေး | ကောင်း | ၂၀၁၇ | – | √ |
| အခြား | – | – | – | – | – |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်း ကွန်ကရစ်နှင့် ရေပြွန်စုစုပေါင်း၇စင်းရှိပါသည်။ ၄င်းတံတားများကို ကိုယ်ပိုင်အလှူရှင်များနှင့် ကျေးရွာအတွင်းမှ အုပ်ချုပ်ရေးအဖွဲ့များ၏ ဦးဆောင်မှုဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပါသည်။ တံတားများမှာ ၂၀၁၇ခုနှစ်မှစတင်တည်ဆောက်ထားခြင်းဖြစ်ပြီး နှစ်ရှည်အသုံးပြုနိုင်ရန် စီမံတည်ဆောက်ထားခြင်း ဖြစ်ပါသည်။**

## (၂.၁၁.၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေ**ကြောင်း** သယ်ယူပို့ဆောင်ရေး

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ် အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု | |
|---|---|---|---|---|
| | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး |
| မြစ်ကြောင်း | - | - | - | - |
| ပင်လယ်ရေကြောင်း | - | - | - | - |
| အခြား | - | - | - | - |

**ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

မှတ်ချက်။ ၁ - လှေ၊သမ္ဗာန် ၂ - မော်တော် ၃ - သင်္ဘော

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရေကြောင်းသယ်ယူပို့ဆောင်ရေးမရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။**

## (၂.၁၁.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုး အစား | စက် လှေ | လှေ၊ သမ္ဗာန် | စက်ဘီး | မော်တော် ဆိုင်ကယ် | သုံးဘီးဆိုင်က ယ်၊ ထော်လာဂျီ | ကား | မြင်းလှည်း | နွား လှည်း |
|---|---|---|---|---|---|---|---|---|
| အရေအတွက် | ၃ | ၅၅ | ၁၂၃ | ၄၂၂ | ၂၁ | ၂၇ | | ၇၉ |

**ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးအနေဖြင့် ရေကြောင်းဆိုင်ရာတွင် စက်လှေ၃စီး၊ လှေသမား၅၅စီး၊ စက်ဘီး၁၂၃စီး၊ သုံးဘီးဆိုင်ကယ်နှင့် ထော်လာဂျီ၂၁စီး၊ ကား၂၇စီး၊ နွားလှည်း၇၉စီး ရှိပါသည်။ တစ်နိုင်တစ်ပိုင်သွားလာရေးနှင့် သယ်ယူပို့ဆောင်ရေးအတွက် ဆိုင်ကယ်ကို အများစု အသုံးပြုကြပါသည်။ စက်လှေ့များတွင် အင်းတော်ကြီး ဘုရားပွဲကာလတွင်သာ အသုံးပြုပြီး လှေ့သမား၅၅စီးမှာ ငါးရှာရာတွင် အသုံးပြုသည်။**

ဇယား (၄၄) **လျှပ်စစ်မီးရရှိမှု အခြေအနေ**

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့) | အခက်အခဲရှိ/မရှိ |
|---|---|---|---|
| **မဟာဓာတ်အားလိုင်း** | ၁၇၁ | သင့် | ရှိ |
| ဆိုလာစနစ် | ၁၆၈ | သင့် | ရာသီဥတု မကောင်းပါက အားမပြည့်ပါ။ |
| အသေးစားရေအားလျှပ်စစ် | - | - | - |
| ဒီဇယ်သုံးအင်ဂျင် | ၂၂ | သင့် | ကုန်ကျစရိတ်များသည်။ |
| လေစွမ်းအင် | - | - | - |
| ဇီဝလောင်စာ | - | - | - |
| အခြား | - | - | - |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မဟာဓာတ်အားလိုင်းမှ သယ်ယူအသုံးပြုသူ၁၇၁အိမ်ရှိပြီး ဆိုလာမီး အသုံးပြု၁၆၈အိမ်ရှိပါသည်။ ဆိုလာမီးသုံးစွဲရာတွင် စာဖတ်ခြင်းနှင့် ညဖက်မီးလင်းရန်သာ အသုံးဝင်ပြီး**

ရာသီဥတုညှိနှိုင်းချိန်တွင် အားမပြည့်၍ မီးအလင်းရောင်ရရှိရန် ခက်ခဲပါသည်။ ဒီဇယ်သုံးအင်ဂျင် အသုံးပြုသူ ၂၂ဦးသည်လည်း မီးမလာသောအချိန်တွင်သာ အသုံးပြုမှု ရှိပါသည်။

**(၂.၁၃) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ**

ဇယား (၄၅) **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | ဗြိုလ်တုစလောင်း | အခြား |
|---|---|---|---|---|---|
| အရေအတွက် | ၇၅၁ | ၁၁၇ | ၂၈၈ | ၁၆၁ | ၅၀ |

**ရင်းမြစ်**… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီစွာ အသုံးပြုနိုင်ကြပါသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များကိုလည်း ချိတ်ဆက်အသုံးပြုနိုင်သည်။ ကျေးရွာသူ/ သားများသည် သတင်းစာ၊ ဂျာနယ်များဖတ်ရှု့အင်တာနက် စလောင်းများမှ သတင်းများ ကြည့်ရှု့ခြင်းတို့ကြောင့် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာအခြေအနေ အတော်အသင့်ကောင်းမွန်ပါသည်။**

**(၂.၁၄) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး**

**ဇယား (၄၆) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ**

| လုပ်ငန်းအမည် | ဝန်ဆောင်မှု |
|---|---|
| အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမီမှု | အပန်းဖြေသည့်နေရာမရှိပါ။ |
| လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု | သာရေးနာရေးလုပ်ငန်းများတွင် ပံ့ပိုးကူညီခြင်း။ |
| ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု | အသင်းတော်တွင် လူငယ်၊ မိခင်၊ ဖခင်၊ ဆန်းဒေးစကူးအသင်း အဖွဲ့များ ပုံမှန်လုပ်ရှာမှုရှိခြင်း။ |
| အားကစားပစ္စည်းများအား လက်လှမ်းမီမှု | အားကစားအသင်း အဖွဲ့ဖွဲ့စည်းထားမှုမရှိပါ။ |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု | ကျေးရွာအတွင်း လမ်း၊ တံတားပြုပြင်ရာတွင် ပါဝင်ခြင်း။ |
| ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး | ရိုးရာယဉ်ကျေးမှုထိန်းမှု ကော်မတီဖွဲ့စည်းသည်။ |
| စာကြည့်တိုက်၊အင်တာနက်စသည်များ အား လက်လှမ်းမီမှု | စာကြည့်တိုက်မရှိခြင်း၊ အင်တာနက်အသုံးပြုမှုနည်းငယ်ရှိခြင်း။ |

**ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း – လူငယ် အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ လူငယ်များသည် ရွာ၏ သာရေး/ နာရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်ကြပါသည်။**

**(၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ**

**(၂.၁၅.၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု**

**ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု**

| ဝန်ဆောင်မှုများ | ရှင်းလင်းချက် |
|---|---|
| ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦ များအား လက်လှမ်းမီမှု | ရွာအတွင်းတွင် ဆက်သွယ်ရေးတာဝါတိုင်ရှိသည်။ |
| အာမခံလုပ်ငန်းများအား လက်လှမ်းမီမှု | လက်လှမ်းမီမှုမရှိပါ |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေးအစီအစဉ် | ဌာနဆိုင်ရာအဖွဲ့များမှ လာရောက်ဆွေးနွေးခြင်း |
| ရဲစခန်းများအား လက်လှမ်းမီမှု | အင်းတော်ကြီးမြို့၂မိုင်အကွာတွင် ရဲစခန်းရှိသည်။ |
| အခြား | |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ဆက်သွယ်ရေးတာဝါတိုင်ရှိပါသည်။ ဆက်သွယ်ရေးမှာ လွယ်ကူ သောကြောင့် ရောင်းဝယ်ရေးဆိုင်ရာကိစ္စရပ်များကို ချောမွေ့စေသည်။ အာမခံချက်လုပ်ငန်းများလည်း အနည်းငယ်ရှိပါသည်။ သို့သော် ရွာသားများ၏ အသိပညာဗဟိုသုတများ မကြွယ်ဝမှုအပေါ် အခွင့်ကောင်းယူ၍ အာမခံလုပ်ငန်းများ ပြီးပြတ်သည်အထိ ဆောင်ရွက်သည် မရှိသည်ကို တွေ့ရပါသည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအစဉ်ကို သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ ရွာသား များသည် လိုအပ်ပါက ရွာနှင့် ၂မိုင်ခန့်အကွာရှိ ရဲစခန်းသို့ အလွယ်တကူချိတ်ဆက်နိုင်ကြပါသည်။

**(၂.၁၅.၂) မှုခင်းဖြစ်ပွားမှု**

**ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ**

| | လူကုန်ကူးမှု | ခိုးမှု | မူးယစ်ဆေးသုံးစွဲမှု | အကြမ်းဖက်မှု |
|---|---|---|---|---|
| စိုးရိမ် /သာမန် | | ၂ | ၂ | ၂ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

မှတ်ချက် – စိုးရိမ် = ၁၊ သာမာန် – ၂

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ရောင်းဝယ်ရေးတွင် ချောမွေ့စေပါသည်။ လူကုန်ကူးမှုမရှိပါ။ ခိုးမှုများလည်း အနည်းငယ်ရှိသည်ကို တွေ့ရပါသည်။ သာမန်ကိစ္စရပ်များကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးတို့မှ ဖြေရှင်းပေးပါသည်။ အကြမ်းဖက်မှု များလည်း မရှိပါ။ မူးယစ်ဆေးဝါးသုံးစွဲမှုမှာလည်း သာမန်အနေအထားမှာရှိသော်လည်း သက်ဆိုင်ရာဌာနမှ မူးယစ်ဆေးဆိုင်ရာကိစ္စရပ်များအား ပညာပေးအနေဖြင့် ပြုလုပ်လျက်ရှိပါသည်။ သို့သော် အားနည်းနေပါသည်။

နောက်ဆက်တွဲ ၃

**ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ**

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **ပညာရေး** | | | | | |
| ၁ | စာသင်ဆောင် နှင့် ကျောင်းဆရာ/ မ များ နေထိုင်ရန် အဆောက်အဦ။ | ၂၀၁၇ခုနှစ်မေလမှ ထခွဲရရှိခြင်း၊ ကျေးရွာ အတွင်း အဓိကလှူဒါန်းသော စီးပွားရေး(ရှေ့) လုပ်ငန်းရှင်များရပ်နားထားရခြင်း။ | ကျောင်းသား ဦးရေပြည့်မှီ၍ပညာရေးကို ဦးစားပေးခြင်း၊ ကျေးရွာအတွင်း မှ လိုအပ်သောဆရာ/ မ များအားနိုင်ငံ တော်မှ မချထားပေးမှီငွား ရန်းနိုင်ခြင်း၊ ကျေးရွာ တွင်းမှပညာရေး အတွက်စေသနာ ထားထည့်ဝင်နိုင်ခြင်း။ | ယခင်ကျောင်းဆောင်မှအလယ်တန်း အနေအထားထိသာ ကျောင်းဆောင်ရှိနေခြင်း၊ကျောင်းသားဦးရေတိုးလာခြင်းနှင့် ဆရာ/မဦးရေတိုးလာခြင်းအချို့အတန်း များကျောင်းသား ဦးရေများ၍၂ခန်းခွဲ သင်ကြားနေရခြင်း၊ အပြင်ငှားဆရာ/မ များငှားရမ်းရခြင်း နှင့် မူ ကြိုဆရာ/ မ လစာကျေးရွာမှ စီခန့်ပေး နေရခြင်း။ | တရားဝင်ချထား ပေးမည့် ဆရာ/မ များ အား လတ်သလောချထားပေးနိုင်ရန်၊ယခင် ကျောင်းဆောင်မှ ကျေးရွာအစီအစဉ်ဖြင့် တည်ဆောက်ထား၍ ကျောင်းဆောင်သစ် တစ်ဆောင်ဆောက် လုပ်ပေးနိုင်ရန်။ | ပညာရေးဦးစီးဌာနပို့ ချိတ်ဆက်ဆောင်ရွက်ပေးရန်။ |
| ၂ | **လမ်း၊ တံတား၊ လျှပ်စစ်** | | | | | |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်း မကောင်းခြင်း | တောင်ကုန်း ၃ကုန်း ပေါ်တွင် တည်ထားသော ရွာဖြစ်၍ ရေစီးနှင့် လမ်းမြေများ တိုက်စား ခံရခြင်း၊ ကျောက်ကုန်း ဖြစ်၍ လမ်းမြေများ ပါသွားပါက ကျောက်ခဲများ ပေါ်လာ၍ လမ်းပျက်စီးခြင်း။ | လမ်းခင်းနိုင်ရန် အတွက် သဲ၊ ကျောက်များ ကျေးရွာပတ်ဝန်းကျင်တွင် ရရှိနိုင်ခြင်း၊ လုပ်အားပေး အဖြစ်သဲ၊ ကျောက်တိုက် ကားများ ပေါ်များခြင်း။ | ကျေးရွာပိုင် ရံပုံငွေ မရှိခြင်း၊ အဓိက လှူဒါန်း နိုင်သော စီးပွားရေး (ရှေ့) လုပ်ငန်းရှင် များ ရပ်နားထားရခြင်း။ | ကျေးလက်ဦးစီးဌာန နှင့်ချိတ်ဆက်ခြင်း | ကျေးရွာတွင်းလမ်းခင်း ရန် |
| ၂ | ကျေးရွာချင်းဆက် လမ်းမကောင်းခြင်း | ကတ္တရာလမ်းမကြီး မှ သီးခြားဝင်ရသော ရွာဖြစ်၍ ရွာအထွက် အဝင် ၂.၅ဖာလုံခန့် ကျောက်ချောလမ်း ဖြစ် လာစေရန်။ | လမ်းခင်းရန် ကျောက်များ ကျေးရွာပတ်ဝန်းကျင်တွင် ရရှိနိုင်ခြင်း၊ လူထုလုပ် အားရရှိနိုင်ခြင်း၊ ကျောက်ချော လမ်းများ ကျေးရွာတွင်း ပေါများခြင်း။ | မတည် ရံပုံငွေမရှိခြင်း၊ အခြားဦးစား ပေးလုပ်ဆောင်ရ မည့်ကျေးရွာ လုပ်ငန်းများ ရှိနေခြင်း။ | ကျေးလက်ဦးစီးဌာန နှင့်ချိတ်ဆက်ခြင်း | ကျေးရွာချင်းဆက်လမ်း ခင်းရန် |
| ၃ | တံတားတည် ဆောက်နိုင်ရန်။ | လုံးတုံ၊မမုန်ကိုင် တံတားမှာ အလျား | ကျေးရွာမှ အလှူရှင် များ ပါဝင်နိုင်ခြင်း၊ | ငွေကြေး ကုန်ကျမှု များ၍ သဘာဝ | ကျေးလက်ဦးစီးဌာန နှင့်ချိတ်ဆက်ခြင်း | စနစ်တကျ ပြုပြင်နေရသော |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်း လမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | ၁၄ပေရှိပြီးအကျယ် ၁၆ပေရှိ၍ကုန်ကျစရိတ် များ ခြင်း။ | ကျေးရွာ လူထုလုပ်အားများ ရှိနေခြင်း၊ လိုအပ်သော သဲ၊ ကျောက်များ ရှိနေခြင်း။ | လျော့ မဆောင်ရွက်နိုင်ခြင်း၊ ရေကျော်ရပ်ဝန်း ဖြစ်၍ နွေရာသီ အချိန်အခါမှသာ ဆောက်လုပ်နိုင်ခြင်း။ | | တံတားဖြစ်၍ ကောင်းမွန်သော တံတား၂စင်း ဖြစ်စေ ရန်။ |
| ၃ | **လူငယ်အုပ်စု** | | | | | |
| ၁ | မူးယစ်ဆေးဝါး များ ကင်းစင်ရေး။ | ဝယ်ယူရန် လွယ်ကူနေခြင်း၊ အဖိုးနည်းနည်းဖြင့် ဝယ်ယူနိုင်ခြင်း။ | ကျေးရွာ လူငယ်ထုအားများ ပါဝင် ပူးပေါင်းမှု ရရှိနိုင်ခြင်း၊ ကျေးရွာတွင်း ပြည်သူ့စစ် လက်နက်ကိုင် အဖွဲ့ အကူအညီရယူနိုင်ခြင်း။ | ဒေသအတွင်း မူးယစ်ဆေးဝါး ပေါများနေခြင်း၊ ကျေးရွာအုပ်ချုပ်ရေး အဖွဲ့များအတွက် လုပ်ပိုင်ခွင့်များ နည်းပါးနေခြင်း။ | အချိန်ပြည့် ကြည့်ကြပ် ပြီး စစ်ဆေးနိုင်ရန်ဦး ရပ်ရွာ လူထုအားနှင့် အတူ တာဝန်ရှိ အဖွဲ့များ ပူးပေါင်း ဆောင်ရွက်နိုင်ရန်။ | နောင်အနာဂတ်အတွက် ဆုံး ရှုံးနိုင်သော လူငယ်ထုအား များ ထွက်ပေါ်လာနိုင်ရေး၊ လူငယ်များ စာပေနှင့် အားကစား ကဏ္ဍအတွက် ပါဝင်လာနိုင်စေ ရန်။ |
| ၂ | လူငယ်များ အတွက် အလုပ်အကိုင်နှင့် အခွင့်အလမ်း များ စီမံပေးနိုင်ရန်။ | ပညာရေးကို ဦးစားပေးမှု နည်းခဲ့၍ ပညာတတ် လူငယ်များ နည်းပါးနေခြင်း၊ မူးယစ်ဆေးဝါး ကြောင့် လူငယ်များ အကျင့် | ကျေးရွာနှင့် ပတ်သက်၍ သစ်တောသယံဇာတ၊ ရေသယံကတနှင့် လယ်ယာမြေသယံ ကစားများ ရှိနေခြင်းနှင့် နိုင်ငံ | နည်းပညာနှင့် သင်တန်းများ တက်ရောက်ဖူးခြင်း မရှိခြင်း၊ ပညာရေးကို မိဘများမှ အားပေးမှု နည်းပြီး လူငယ် | နိုင်ငံတော် အစီအစဉ်နှင့်သော်၄င်း အဖွဲ့အစည်း တစ်ခုနှင့်သော် ၄င်း လူငယ်ပညာပေးနှင့် အသက်မွေးမှု ပ | မိသားစုဘဝအဆင့် အသုံးနှင့် စားဝတ်နေရေး ကောင်းမွန် လာရန် ဆောင်ရွက်ပေးနိုင် ရန်၊ ခေတ်နှင့် အညီတိုးတက် |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၃ | ဆောက်လုပ်ပြီး စာကြည့်တိုက် ဖွင့်လှစ်နိုင်ရေး။ | ပျက်မှု များပြားနေခြင်း။<br>စာဖတ်အားဖြင့် လာသည်နှင့် စာကြည့်တိုက် ဖွင့်လှစ်ပေးနိုင်ရန်။ | ခြား ဧည့်သည်များ ဝင်နိုင်ရန် သဘာဝ ရှုခင်းများရှိနေခြင်း။<br>အဆောက်အဦ မှာ သေးသော်ငြင်း ဆောက်လုပ်ပြီး ဖြစ်ခြင်း၊ လူငယ်များ စာဖတ်နိုင်ရန် စာသင်ကျောင်းနှင့် နီးခြင်း။ | များကို မိသားစု စားဝတ်နေရေး အတွက်အလုပ်အကိုင် (နေ့စဉ်ဝင်ငွေ) ရှာခိုင်းနေပြခြင်း။ စာကြည့်တိုက် ဖွင့်လှစ်နိုင်ရန် စာအုပ်အလှူရှင်များ နှင့် ချိတ်ဆက်မှု နည်းခြင်း၊ စာကြည့်တိုက် လိုအပ်သော အရံပရိဘောဂများ မရှိထားခြင်း။ | ညာရပ်သင်တန်း များ စီစဉ်ပေးခြင်း၊ ကျေးရွာသယံဇာတနှင့် ပတ်သက်ပြီး ငွေရှာဖွေမှု အစီအစဉ်များ ပြုလုပ်ပေးနိုင်ခြင်း။<br>လစဉ် စာစောင်များ လှူဒါန်းမည့် အလှူရှင်များအား ချိတ်ဆက်မှု ရရှိနိုင်ရန်။ | လာသော ခေတ်လူငယ်များ ဖြစ်လာနိုင်စေရန်။<br>မြို့နယ်စာကြည့်တိုက် တာဝန် ရှိသူ များနှင့် ဆက်သွယ်ပြီး များ ပြည်သူကြည့်ရှုနိုင်သည့် စာ ကြည့်တိုက် ဖြစ်လာစေ ရန်။ |
| ၄ | **ရပ်မိရပ်ဖ** | | | | | |
| ၁ | လှောင်ကန်စနစ် ဖြင့် ရေပေးဝေရေး။ | တောကုန်းများ ပေါ်တွင် ရွာတည်ထား၍ သောက်ရေ သုံးရေ အခက်အခဲရှိခြင်း၊ ကုန်းများပေါ်တွင် ရေတွင်း | ကုန်မြင့်များ ပေါ် လှောင်ကန် တည်၍ ရေဖြန့်ဝေရန် လွယ်ကူခြင်း၊ ရွာတန်း ရှည်ဖြစ်သဖြင့် ရေ | ရေတွင်းများ တူးဖော်နိုင်ရန်နှင့် ရေလှောင်ကန် တည်ဆောက်ရန် နည်းပညာနှင့် စမ်းသပ် | စက်ရေတွင်းများ တူးလျှပ်စစ် မော်တာဖြင့် တင်၍ ပိုက်လိုင်းများဖြင့် စီစဉ်နိုင်ရန်။ | ကျေးရွာတွင်း သောက်ရေ သုံးရေနှင့် မီးအန္တရာယ် ကာကွယ်မှု အဆင်ပြေနိုင်ရန်၊ လူမှုရေးနှင့် ညီညွတ်သော |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | တူးဖော်ရန် ခက်ခဲခြင်း။ | ပိုက်များ သွယ်တန်းရန် အဆင်ပြေချောမွေ့နိုင်ခြင်း။ | မှ လိုအပ်ခြင်း။ | | သောက်သုံးရေ အသုံးပြုနိုင် ရန်။ |
| ၂ | မီးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး။ | အင်းဘေးတွင် ရှိသော်လည်း တောင်ကုန်းပေါ်တွင် ရွာတည်ထား၍ မီးအန္တရာယ်နှင့် ကြုံတွေ့လာပါက ရေအခက်အခဲ ရှိနေခြင်း၊ | ရေများ ရနိုင်သောအင်းရေပြင်နှင့် အလှမ်းမဝေးခြင်း၊ မီးအန္တရာယ် ကျရောက်ပါက ရပ်ရွာလူထုမှ ဝိုင်းဝန်း ကူညီနိုင်ခြင်း။ | ကုန်းအတက် အဆင်းများ၍ ရေခက်ခဲခြင်း၊ ကျေးရွာအိမ်ဝင်းများ ကျယ်၍ ကျေးရွာအလျားရှည်ခြင်း၊ ကုန်းမြေပေါ်ရေတူးရန် ခက်ခဲခြင်း။ | မီးသတ်ကား စီစဉ်နိုင်ရန်၊ မီးသတ်ရေကန်များ တည်ဆောက်ထားနိုင်ရန်။ | မြန်မာနိုင်ငံ မီးသတ်အဖွဲ့နှင့် ချိတ်ဆက် ဆောင်ရွက်ပေးနိုင် ရန်။ |
| ၅ | **စိုက်ပျိုးမွေးမြူရေးမဟုတ်သောအုပ်စု** | | | | | |
| ၁ | ကျေးရွာပိုင် ကျွဲ၊ နွားစားကျက်နှင့် ရပ်ရွာပိုင်နယ်မြေ။ | သစ်တောပိုင် မြေပတ်ဝိုင်းနေ၍ ကျွဲ၊ နွားစားကျက်နှင့် ရပ်ရွာပိုင်နယ်နိမိတ် ကျဉ်းမြောင်းနေခြင်း။ | | ကျေးရွာ လူဦးရေများပြား လာပြီးလူနေ အိမ်ခြေများ တိုးချဲ့နိုင်ရန် မြေနေရာ ခက်ခဲခြင်း၊ အခြားတဖက် ရွာ၏အရှေ့ဘက်တွင် အင်းတော်ကြီး အ | သစ်တောပိုင် ဧရိယာမြေများကို ရွာပိုင်ပြန်လည် လျော့ထားနိုင်ရန်။ | စည်းကား၍ သာယာသောကျေးရွာဖြစ်လာရန် ကျေးရွာ အတွင်း နေထိုင်နေများအ တွက် ဝင်းခြံများတိုးချဲ့နိုင် ရန်။ |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၂ | စိုက်ပျိုးရေး အတွက် ကျွဲ၊ နွားရောဂါ ကာကွယ်ပေးနိုင်ရန်။ | ယခုနှစ်အတွင်း ရောဂါကြောင့် ၁၃ကောင် သေဆုံးသွားရခြင်း။ | တိ/ကုသင်တန်း လူငယ်များ ရှိနေခြင်း၊ ကျေးရွာ လူငယ်များ ဝိုင်းဝန်း ကူညီကြခြင်း။ | ဖြစ်နေခြင်း။ ကုသနိုင်ရန် ဆေးဝါးများ မရှိခြင်း၊ ရောဂါ လက်ကျွာများ အခြေခံ အသိအားနည်းခြင်း၊ အစဉ် အလာအရ မိမိကိုယ်တိုင် ဆေးမီးတိုဖြင့် ကုသသောအကျင့်ရှိနေခြင်း။ | မြို့နယ်တိ/ကုအဖွဲ့နှင့် ချိတ်ဆက်၍ ကျေးရွာလူငယ်များအား ဆေးပညာအသိ တွေ့ဆုံပေးနိုင်ခြင်း၊ ရာသီအလိုက် ရောဂါများအား တောင်သူများ လက္ခာအဆင့် သိပေးချက်များ ဖြန့်ဝေပေးနိုင်ရန်။ | တောင်သူများ အဖိုးတန်ကျွဲ၊ နွားများ လုပ်ငန်းများ အဆင်ပြေလုပ်ဆောင်နိုင်ရန်၊ ကြီး မားသော ကူးစက်ရောဂါများ ကာကွယ်နိုင်ရန်။ |

## ကိုးကားစာရင်း

၁။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းလမ်းညွှန်စာအုပ်၊ ၂၀၁၅၊မေ။

၂။ ၂၀၁၆ ခု စက်တင်ဘာလက မိုင်းနောင်ကျေးရွာတွင် ကျင်းပခဲ့သော ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှမှတ်စုများ၊

၃။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ကျေးရွာဆိုင်ရာရည်ညွှန်းမှတ်တမ်းစာအုပ်၊